# မြန်မာ့အလင်း

၁၉၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေး များ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်း များဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ် ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၉)၊ အမှတ် (၀၆၉)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးကိုအခြေခံပြီး နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ ၂၀၂၀ ပြည့်နှစ်တွင် ကျရောက်မည့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး

*စာမျက်နှာ ၃ ကော်လံ ၁* ❁

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

### မြန်မာ - တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ အား ယနေ့ ညနေ ၅ နာရီ ၁၀ မိနစ်တွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ဒေသတွင်း နှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာပူးပေါင်း ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆




မြန်မာ့အလင်း

# စည်းလုံးညီညွတ်မှုနှင့် စုပေါင်းအင်အား

ဤကမ္ဘာပေါ်တွင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးအတွက် အင်္ဂါရပ်လေးမျိုးနှင့် ပြည့်စုံရန် လိုအပ်သည်။ ၎င်းလေးမျိုးမှာ နိုင်ငံ၏ပိုင်နက်နယ်မြေ၊ ယင်းမြေပေါ်တွင် နေထိုင်ကြသည့် နိုင်ငံသား ပြည်သူလူထု၊ အုပ်ချုပ်သည့် အစိုးရနှင့် အချုပ်အခြာအာဏာ ပိုင်စိုးမှုတို့ ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ အင်္ဂါရပ်လေးမျိုးကို နိုင်ငံ၏ ဥပဓိရုပ်ဟူ၍လည်း ဆိုကြသည်။

နိုင်ငံတစ်ခုတွင် ဥပဓိရုပ်တစ်မျိုးမျိုး မပြည့်စုံပါက နိုင်ငံဟူ၍ မပီပြင်။ ပိုင်နက်နယ်မြေရှိပြီး လူမရှိခြင်းသည်လည်းကောင်း၊ လူများသာရှိနေသော်လည်း ပိုင်နက်နယ်မြေမရှိ လှည့်လည်သွားလာနေကြရသည့် အခြေအနေမျိုးသည် လည်းကောင်း၊ နယ်မြေနှင့် လူများရှိနေသော်လည်း မင်းမဲ့တိုင်းပြည် ဖြစ်နေလျှင်သော်လည်းကောင်း၊ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုမရှိဘဲ သူတစ်ပါးလက်အောက်တွင် ကိုလိုနီဘဝ ရောက်နေပါကလည်းကောင်း နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

ကမ္ဘာ့သမိုင်းတစ်လျှောက်တွင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်အုပ်စိုးသူများနှင့် ရပ်တည်ကြရာတွင် ယှဉ်ပြိုင်ရန်းကန်ကြရင်း အားကြီးသူက အားနည်းသူကို သိမ်းပိုက်အုပ်စိုးကာ နယ်ပယ်ချဲ့ထွင်မှုဖြင့် အင်ပါယာနိုင်ငံကြီးများ ပေါ်ထွက်ခဲ့သလို ၎င်းအင်ပါယာကြီးများ လက်အောက်သို့ နိုင်ငံငယ်များစွာတို့မှာလည်း ကျရောက်ခဲ့သည်။ အထူးသဖြင့် ၁၉ ရာစုကမ္ဘာတွင် အရင်းရှင်စနစ်အားကောင်းလာချိန်တွင် နယ်ချဲ့အရင်းရှင်နိုင်ငံများက အင်အားနည်းနေသည့်၊ စည်းလုံးညီညွတ်မှု ပြိုကွဲနေသည့်၊ ခေတ်နောက်ကျနေသည့် နိုင်ငံငယ်အများအပြားကို သိမ်းပိုက်ခဲ့ရာ ကမ္ဘာ့မြေပြင်၏ ၇၅ ရာခိုင်နှုန်းကျော်သည်လည်းကောင်း၊ ကမ္ဘာ့လူဦးရေ၏ ၇၇ ရာခိုင်နှုန်းတို့သည်လည်းကောင်း နယ်ချဲ့လက်အောက်ကျွန်ဘဝသို့ ကျရောက်ခဲ့ကြရသည်။

မြန်မာနိုင်ငံသည် ၁၈၂၄ ခုနှစ်မှ ၁၈၈၅ ခုနှစ်အထိ နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်း နယ်ချဲ့တို့နှင့် စစ်ပွဲသုံးကြိမ် ဆင်နွှဲခဲ့ရသည်။ စစ်ပွဲတစ်ကြိမ်ပြီးတိုင်း မိမိ၏ပိုင်နက်နယ်မြေ၊ ယင်းနယ်မြေပေါ်မှ ပြည်သူလူထု၊ အချုပ်အခြာအာဏာပိုင်စိုးမှုတို့ တစ်ရစ်ပြီးတစ်ရစ် ဆုံးရှုံးခဲ့ရပြီး တတိယနှင့် နောက်ဆုံးစစ်ပွဲအပြီးတွင်မူ နိုင်ငံ၏ဘုရင် သို့မဟုတ် အုပ်ချုပ်သူအစိုးရပါ နယ်ချဲ့၏ အကျဉ်းစံဘဝရောက်ခဲ့သည်။ ကိုလိုနီနယ်ချဲ့အစိုးရက မြန်မာနိုင်ငံထက်အရင် သိမ်းပိုက်ကျွန်ပြုခဲ့သည့် အိန္ဒိယနိုင်ငံနှင့်အတူ အုပ်ချုပ်နိုင်ရန်အတွက် အိန္ဒိယ၏လက်အောက်ခံပြည်နယ်တစ်ခု အဖြစ်သတ်မှတ်သိမ်းသွင်းခဲ့ရာ မြန်မာနိုင်ငံသည် ကျွန်ထက်နိမ့်သည့် အခြေအနေ သပေါက်ဘဝသို့ ရောက်ခဲ့ရသည်ဟူ၍ ပြောစမှတ်တွင်ခဲ့သည်။

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် ရပ်တည်နေပြီဖြစ်သည့် နယ်နိမိတ်မြေပေါ်မှ ပြည်ထောင်စုဖွား တိုင်းရင်းသားမိမိတို့ဘိုးဘွားများ၏ ရုန်းကန်မှု၊ ညီညွတ်မှု၊ တွန်းလှန်မှု စုပေါင်းအင်အားများကြောင့်သာ ၂၀ ရာစုခေတ်သစ်တွင် အခြားသော ကမ္ဘာ့နိုင်ငံများနှင့် တန်းတူရည်တူ ရပ်တည်ကာ အင်္ဂါရပ်လေးမျိုး၊ ဥပဓိရုပ်တို့နှင့် ပြည့်စုံသော လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်လာခဲ့ရခြင်း ဖြစ်သည်။

ယခုအခါ မိမိတို့နိုင်ငံ လွတ်လပ်ရေးရခဲ့ခြင်း၊ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းတို့မှာ အချိန်ကာလအားဖြင့် နှစ်ပေါင်း ၇၀ ပင်ကျော်စပြုခဲ့ပြီ။ လွတ်လပ်ခဲ့သည့် နှစ်ပေါင်း ၇၀ အတွင်း ဆယ်စုနှစ်များစွာ အဟောသိကံဖြစ်ခဲ့သည်။ ဒေသတွင်းနိုင်ငံများက မိမိတို့ကို ဖြတ်ကျော်သွားခဲ့ပြီ။ သူများခြေတစ်လှမ်းလှမ်းလျှင် မိမိတို့က လေးငါးဆယ်လှမ်းလှမ်းနိုင်မှ တန်ကာကျမည်ဟု သိခဲ့ကြသည့်တိုင် မလှမ်းနိုင်ခဲ့ကြ။ ပစ္စုပ္ပန်ကာလတွင်မူ အစိုးရသည် ပြည်သူက ရွေးချယ်တင်မြှောက်ထားသည့် အစိုးရ၊ မိမိတို့ မျှော်မှန်းတည်ဆောက်နေသည်က ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု။ အနာဂတ်မျှော်မှန်းချက် ပန်းတိုင်အတွက် အဓိကလိုအပ်ချက်မှာ စည်းလုံးညီညွတ်မှုနှင့် စုပေါင်းအင်အားသာလျှင်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း။ ။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## နှစ်အလိုက် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်နိုင်မှုအခြေအနေ




လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

လူငယ်
ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
(မကွေး)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၄၊ ၁၅၊ ၁၆) ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာ)
နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ မကွေးတက္ကသိုလ်ဝင်းအတွင်းကျင်းပမည်ဖြစ်၍ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

## ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၇

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ တည်ထားကိုးကွယ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေး စေတီတော်အတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားနေ မိခင်ကြီး ဒေါ်ယဉ်ထွေးနှင့် သမီးဒေါ်ခင်သန့်စင် မိသားစုက အလှူငွေကျပ်သိန်း ၁၀၀ ကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မိုးကုတ် ဆွမ်းစားကျောင်းဆောင်၌ တာဝန်ရှိသူထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**






## သီပေါဗုဒ္ဓမြတ်စွယ်တော် မြို့နယ်အတွင်း ဒေသစာရီ လှည့်လည်အပူဇော်ခံ

သီပေါ ဒီဇင်ဘာ ၇

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓစွယ်တော်တိုက်တွင် ကိန်းဝပ်စံပယ်လျက်ရှိသည့် ရှေးနှစ်ပေါင်း ၁၂၇ နှစ်က အုန်းဘောင်စော်ဘွားကြီး စောကြာခိုင် သီဟိုဠ်နိုင်ငံမှ ပင့်ဆောင်ခဲ့သော (၁၆)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲနှင့် ဒေသစာရီခရီးစဉ် လှည့်လည်ပူဇော်ခံရေး ပင့်ဆောင်ခြင်း မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက အောင်မင်္ဂလာ ဘိုးတော်ကျောင်းတိုက်ရှိ စွယ်တော်တိုက်ဓမ္မာရုံ၌ ကျင်းပသည်။

### လွှဲပြောင်းပေးအပ်

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအရှင်သူမြတ် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွဋ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းစိုးထက်၊ မြတ်စွယ်တော်ပင့်ဆောင်ရေး ဦးစီးကော်မတီအတွင်းရေးမှူး ဦးမြသန်းတို့က ဒေသစာရီလှည့်လည်ရေး မော်တော်ယာဉ်ပေါ်ရှိ မင်္ဂလာဆင်ဖြူတော်ပေါ်သို့ ပင့်ဆောင်ရန်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းစံတင့်နှင့် မြို့နယ်ဥပတ္ထမ္ဘကဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် အဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် သီပေါမြို့ အောင်မင်္ဂလာ ဘိုးတော်ကျောင်း ဗုဒ္ဓမြတ်စွယ်တော်တိုက်မှ မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ် ပြည်ထောင်စုလမ်းမကြီးအတိုင်း ဒေသစာရီကြွချီပြီး တုံစင့်ကျေးရွာ၊ ဇာတ်စုရပ်၊ မြို့လယ်ရပ်နှင့် မြန်မာရပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဓမ္မာရုံတို့၌ အပူဇော်ခံရာ ဒေသခံတိုင်းရင်းသား ဗုဒ္ဓနွယ်ဝင်များ လာရောက်ဖူးမြော် ကြည်ညိုကြကာ အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။ **စိုင်း(သီပေါ)**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

❁ *ရှေ့ဖုံးမှ*

နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားများကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပသွားရေး၊ နှစ်နိုင်ငံပြည်သူများ အကျိုးဖြစ်ထွန်းရေးအတွက် ကုန်သွယ်ရေးမူဝါဒများ ဖြေလျှော့ရေး၊ ကုန်သွယ်ခွင့်ပြုသည့် ပမာဏနှင့် အမျိုးအမည် တိုးမြှင့်ပေးရေး၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအောက်ရှိ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံနှင့် နှစ်နိုင်ငံ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရေးဆိုင်ရာ စီမံကိန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသောင်းထွန်း၊ ဦးဟန်ဇော်၊ ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီးဧည့်သည်တော် တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ တရုတ်နိုင်ငံခြားရေး ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဒီဇင်ဘာ ၇

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

ညစာစားပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ချန်းဟိုင်လည်း တက်ရောက်သည်။

**လက်မှတ်ရေးထိုး**

**ညစာစားပွဲ မစတင်မီ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိတို့ ရှေ့မှောက်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် China international Development Cooperation Agency မှ Vice Chairman ဖြစ်သူ Mr. Deng Boqing တို့က ရခိုင်ပြည်နယ်အတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ အလွယ်တကူ တပ်ဆင်နိုင်သော နေအိမ်အလုံး ၁၀၀၀ လှူဒါန်းမှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး (ယာပုံ) အပြန်အလှန်လဲလှယ်ကြသည်။**

**တည်ခင်းဧည့်ခံ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တက်ရောက်လာသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

သတင်းစဉ်



❐ ရခိုင်ပြည်နယ်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အလွယ်တကူ တပ်ဆင်နိုင်သော နေအိမ်အလုံး ၁၀၀၀ လှူဒါန်းမှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်



မြန်မာ – တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

◆**ရှေ့ဖုံးမှ**

တွေ့ဆုံပွဲသို့ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကို ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ တက်ရောက်ကြသည်။

**ဆွေးနွေး**

နှစ်နိုင်ငံဆွေးနွေးပွဲတွင် ၂၀၂၀ ပြည့်နှစ်တွင်ကျရောက်မည့် သံတမန်နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားများကျင်းပရေးနှင့် ဘက်စုံမဟာဗျူဟာမြောက် ဆက်ဆံမှုထူထောင်ရေး၊ မြန်မာ – တရုတ် စီးပွားရေးစင်္ကြံ အမြန်ဆုံးအကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရေးဆိုင်ရာ စီမံကိန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ယဉ်ကျေးမှု၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

နှစ်နိုင်ငံ ဆွေးနွေးပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဦးမင်းသူ၊ ဦးသောင်းထွန်း၊ ဦးဟန်ဇော်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဦးအောင်ထူး၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ တရုတ်နိုင်ငံခြားရေး ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်များအဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိအား ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

သတင်းစဉ်

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရောက်ရှိ**

ထို့နောက် နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့သည် ခေတ္တတည်းခိုမည့် Kempinski ဟိုတယ်သို့ ရောက်ရှိကြသည်။

**သတင်းစဉ်**

# ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်များ ဖော်ဆောင်ပေးခြင်းဖြင့် မဟာမဲခေါင်တောင်ပိုင်း စီးပွားရေးစင်္ကြံနှင့် အရှေ့အလယ်ပိုင်းဒေသ၊ အိန္ဒိယ စသည့်ဈေးကွက်များနှင့် ချိတ်ဆက်နိုင်သည့်နေရာအဖြစ် အရေးပါလာမည်



ဒုတိယသမ္မတ ဦးမြင့်ဆွေ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ် (၂၀၁၉) အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

◆ *ကျောဖုံးမှ*

မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ် နှံမှုဖိုရမ်(၂၀၁၉) ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ပုလဲသန္တာဟိုတယ်၌ ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်(၂၀၁၉) သို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးတင်အောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်သူ၊ ဒေါက်တာထွန်းနိုင်နှင့် ဦးဆက်အောင်၊ ဦးကျော်လင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ စီးပွားရေးပညာရှင်များ၊ ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဖျော်ဖြေတင်ဆက်

အခမ်းအနားတွင် ထားဝယ်တိုင်းရင်းသားရိုးရာ ရေအိုးရွက်အကနှင့် ဇာတ်မင်းသား ဖိုးချစ်တို့၏ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

### ရွှေမောင်း သုံးကြိမ် တီးခတ်

ထို့နောက် ဒုတိယသမ္မတက မင်္ဂလာရွှေမောင်းကို သုံးကြိမ် တီးခတ်၍ တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုဖိုရမ်(၂၀၁၉)ကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက နိုင်ငံတော်အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံ မှုဖိုရမ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ ကျင်းပပြုလုပ်ပေးခဲ့ရာ ယနေ့ကျင်းပသည့် ရင်းနှီးမြှုပ်နှံမှုဖိုရမ်သည် တနင်္သာရီတိုင်းဒေသကြီးတွင် ပထမအကြိမ် ကျင်းပပြုလုပ်ခြင်း ဖြစ်ပါကြောင်း။

### စီးပွားရေးအားသာချက်

ရင်းနှီးမြှုပ်နှံမှုဖိုရမ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျင်းပခြင်းဖြင့် အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စီးပွားရေးဆိုင်ရာ အားသာချက်များကို ဖော်ထုတ်နိုင်ခြင်း၊ ဒေသထွက်ကုန်ပစ္စည်းများကို အများသိအောင် မြှင့်တင်နိုင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို သိရှိခြင်းစသည့် ရလဒ်များကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။

### အခွင့်အလမ်းများ ဖန်တီးနိုင်

ထို့ပြင် ဒေသခံ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြသည့် လုပ်ငန်းရှင်များအကြား ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိုလည်း ယခုဖိုရမ်မှတစ်ဆင့် ဖန်တီးပေးနိုင်မည် ဖြစ်ပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ တောင်ဘက်စွန်းတွင် တည်ရှိပြီး ဧရိယာအားဖြင့် ၄၃၃၂၈ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည့်အပြင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၁ ဒသမ ၄ သန်းကျော် နေထိုင်လျက်ရှိပါကြောင်း၊ အရှေ့ဘက်နှင့် တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ မြောက်ဘက်တွင် မွန်ပြည်နယ်နှင့် အနောက်ဘက်တွင် ကပ္ပလီပင်လယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့်အတွက် စီးပွားရေးအရ အချက်အချာကျသည့်နေရာဖြစ်ပါကြောင်း။

### သဘာဝအလှတရားများပိုင်ဆိုင်

တနင်္သာရီတိုင်းဒေသကြီး၏ အဓိကထုတ်ကုန်လုပ်ငန်းများသည် သဘာဝပုလဲနှင့် မွေးပုလဲမွေးမြူရေးလုပ်ငန်းများ၊ ပင်လယ်ရေထွက်ကုန်များ၊ ရော်ဘာနှင့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများ၊ ငှက်သိုက်မွေးမြူရေးလုပ်ငန်းများနှင့် သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများဖြစ်ကြပါကြောင်း၊ ထို့ပြင် ပင်လယ်ကမ်းခြေနှင့် ကျွန်းများ၏ သဘာဝအလှတရားများကိုလည်း ပိုင်ဆိုင်ထားသည့်အတွက် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းသည် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရန် အဓိကအရေးပါသည့်ကဏ္ဍတွင် ပါဝင်လျက် ရှိနေပါကြောင်း။

ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်နိုင်မည့် တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများသည်လည်း တနင်္သာရီတိုင်းဒေသကြီးတွင် အများအပြား ရှိနေပါကြောင်း။

### နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

တနင်္သာရီတိုင်းဒေသကြီးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေမှာ ၂၀၁၉ ခုနှစ် အောက်တိုဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စုစုပေါင်း ၄၄ ခု ဝင်ရောက်ခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၃၈၅ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါကြောင်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုကို ကြည့်မည်ဆိုပါက လုပ်ငန်းစုစုပေါင်း ၇၁ ခုရှိပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၃၃ ဒသမ ၉၆ သန်း (ကျပ်သန်းပေါင်း ၂၈၂၃၂၆ ဒသမ ၁၆၃) ရင်းနှီးမြှုပ်နှံထားပါကြောင်း၊ အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကဏ္ဍ၊ အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးရေးကဏ္ဍနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတို့ ဖြစ်ကြပါကြောင်း။

### ဒေသတွင်းပေါင်းစပ်မှုဖြစ်ပေါ်လာ

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်သည့်အလျောက် အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ-၂၀၂၅) အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုထားသည့်အတွက် အာဆီယံအသိုက်အဝန်းအတွင်း လူအချင်းချင်းချိတ်ဆက်ဆက်နွယ်မှုနှင့် အခြေခံအဆောက်အအုံများ ချိတ်ဆက်ခြင်းဖြင့် ဒေသတွင်း ပေါင်းစပ်မှုများ ပိုမိုဖြစ်ပေါ်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒေသတွင်း အလားအလာကို ကြည့်မည်ဆိုပါက တနင်္သာရီတိုင်းဒေသကြီးသည် မဟာမဲခေါင်၏ အနောက်ဘက်ဆုံး ဝင်ပေါက်သဖွယ်ဖြစ်နေပြီး ဒေသတွင်းနိုင်ငံများနှင့် တောင်ပိုင်းစီးပွားရေးစင်္ကြံ (Southern Economic Corridor – SEC) သို့ ချိတ်ဆက်နိုင်မည့် အရေးပါသည့်နေရာတွင် တည်ရှိနေပါကြောင်း။

### ဈေးကွက်များနှင့် ချိတ်ဆက်နိုင်

ကမ္ဘာ့နိုင်ငံများ၏ ကမ်းရိုးတန်းဒေသ ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်များကို နမူနာယူ၍ တနင်္သာရီတိုင်းဒေသကြီး၏ ကမ်းရိုးတန်းဒေသတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန် ထားဝယ်အထူးစီးပွားရေးဇုန်ကို တည်ထောင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ထားဝယ် အထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်များ ဖော်ဆောင်ပေးခြင်းဖြင့် မဟာမဲခေါင်တောင်ပိုင်း စီးပွားရေးစင်္ကြံနှင့် အရှေ့အလယ်ပိုင်းဒေသ၊ အိန္ဒိယ စသည့် ဈေးကွက်များနှင့် ချိတ်ဆက်နိုင်သည့်နေရာအဖြစ် အရေးပါလာမည်ဖြစ်ပါကြောင်း၊ အဆိုပါအခွင့်အလမ်းများကို အမိအရဖမ်းဆုပ်၍ တနင်္သာရီတိုင်းဒေသကြီး၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သည့်အခါ ပုဂ္ဂလိကနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများကိုလည်း မိမိတို့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

### အဆင့် ၆ ဆင့် တိုးတက်လာ

မြန်မာနိုင်ငံ၏ Ease of Doing Business Ranking (စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့အောင် ဆောင်ရွက်နိုင်မှုအဆင့်) အနေဖြင့် ကမ္ဘာ့ဘဏ်မှ ၂၀၂၀ ပြည့်နှစ်အတွက် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် ယခင်နှစ်က အဆင့် ၁၇၁ ရှိခဲ့ရာမှ ယခုနှစ်တွင် အဆင့် ၁၆၅ အဖြစ် သတ်မှတ်ခံခဲ့ရသည့်အတွက် အဆင့် ၆ ဆင့် တိုးတက်လာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ Ease of Doing Business Ranking တိုးတက်ရေးအတွက် “မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း (Myanmar Investment Promotion Plan – MIPP)” တွင် ထည့်သွင်း၍ ရည်မှန်းချက်ထားကာ ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့မှုအရှိဆုံးနိုင်ငံများ စာရင်းကို တိုင်းတာသည့် ညွှန်းကိန်း ၁၀ ခုအနက် “စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်း (Starting a Business)”၊ “ဆောက်လုပ်ခွင့်ရယူခြင်း (Dealing with Construction Permits)”၊ “အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း (Protecting Minority Investors)”၊ “ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း (Registering Property)” နှင့် “ပဋိညာဉ်များ အတည်ပြုဆောင်ရွက်ခြင်း (Enforcing Contracts)” စသည့် အညွှန်းကိန်းများ၌ *စာမျက်နှာ ၆ သို့*



ဒုတိယသမ္မတ ဦးမြင့်ဆွေ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်(၂၀၁၉) ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

# မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီမှ ဦးဆောင်ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အထူးအစာရှောင်ဆုတောင်းခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၇

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီမှ ဦးဆောင်ကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအတွက် အထူးအစာရှောင် ဆုတောင်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သန့်ရှင်းသော တြိနတိကသီဒြယ် ဘုရားကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွမ်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၏ဇနီး ဒေါ်လွင်လွင်မှန်၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်) သာသနာပိုင်ချုပ်ကြီး စတီဗင် သန်းမြင့်ဦး၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ခရစ်ယာန်ဘုန်းတော်ကြီးများနှင့် ဘာသာဝင်များ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အထူးအစာရှောင် ဆုတောင်းခြင်းအခမ်းအနားတွင် နှုတ်ခွန်းဆက်အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## ဆုတောင်းစကားပြောကြား

ရှေးဦးစွာ ဓမ္မတေးသီချင်းဖြင့် ဆုတောင်းကာ အခမ်းအနားကို ဖွင့်လှစ်ပြီး သန့်ရှင်းသော တြိနတိကသီဒြယ်ခရစ်ယာန် ကျောင်းထိုင်ဆရာတော် ရယ်ဂျီနယ်ဘဲနက်နှင့် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် (အင်္ဂလီကန်) သာသနာပိုင်ချုပ်ကြီး စတီဗင် သန်းမြင့်ဦးတို့က အဖွင့်ဆုတောင်းစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက နှုတ်ခွန်းဆက် အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားများ အားလုံးအနေဖြင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရား လက်ကိုင်ထားပြီး တစ်မြေတည်းနေ တစ်ရေတည်းသောက် နေထိုင်ကြီးပြင်းရာ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး စည်းလုံးညီညွတ်ရေးမှသည် ငြိမ်းချမ်းရေးဆီသို့ ဦးတည်ကြစေလိုကြောင်း၊ မိမိတို့ ကိုးကွယ်ဆည်းကပ်ရာ ဘာသာတရား အဆုံးအမများကို ခံယူကြပြီး အစွန်းနှစ်ဖက်ကို ရှောင်ရှားကာ လောကကောင်းကျိုး၊ နိုင်ငံကောင်းကျိုးကို ဦးတည်ဆောင်ရွက်ကြခြင်းအားဖြင့် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ စည်းလုံးညီညာ ပံ့ပိုးကူညီဆောင်ရွက်နိုင်ပါစေကြောင်းနှင့် နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

## ဆုတောင်းမေတ္တာ ပေးပို့

ယင်းနောက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသောင်းထိုက်က အထူးအစာရှောင် ဆုတောင်းခြင်းအတွက် ဆုတောင်းမေတ္တာပေးပို့ပြီး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုန်းတော်ကြီးများနှင့် ဆရာတော်များက မြန်မာနိုင်ငံတော်အတွက် ဆုတောင်းမေတ္တာ ပေးပို့ကြသည်။

ယင်းနောက် သန့်ရှင်းသော ကားတိုင်ဓမ္မတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများက သံစုံဓမ္မသီချင်းများဖြင့် ဂုဏ်တော်ချီးမွမ်းကြပြီး တက်ရောက်လာသည့် ဒုတိယသမ္မတ၏ ဇနီး၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများကို ခရစ်ယာန် ဘုန်းတော်ကြီးများက ခရစ္စမတ်လက်ဆောင်များ ပေးအပ်ကြသည်။

**သတင်းစဉ်**

---

## “နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်း(MIPP)ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိ”

*စာမျက်နှာ ၅ မှ*

သိသာထင်ရှားစွာ တိုးတက်လာခဲ့သည့်အတွက် တိုးတက်မှုအရှိဆုံးနိုင်ငံ ၂၀ စာရင်းတွင်လည်း ပါဝင်ခဲ့ပါကြောင်း၊ အခြားညွှန်းကိန်းများတွင်လည်း ယခုကဲ့သို့ သိသိသာသာအဆင့်တိုးတက်လာရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း။

### ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်

ရင်းနှီးမြှုပ်နှံသူများ အတွက် အထောက်အကူပြုသည့် စီးပွားရေးဝန်းကျင်တစ်ခုကို ဖန်တီးဆောင်ရွက်ရာတွင် “မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ” နှင့် “မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ” တို့သည် စည်းမျဉ်းစည်းကမ်းအခြေခံအုတ်မြစ်များ ဖြစ်ကြပါကြောင်း၊ “မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ” တွင် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ အရေးပါသည့်အချက်များ ပြဋ္ဌာန်းဖော်ပြထားသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း၊ “မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်” အနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်သွားရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိပါကြောင်း။

MyCO ဟု သိကြသည့် “အီလက်ထရွန်နစ်ကုမ္ပဏီမှတ်ပုံတင်စနစ်” ကို တည်ထောင်ထားခြင်းကြောင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းကို ထိရောက်မြန်ဆန်စွာ အွန်လိုင်းမှတစ်ဆင့် အလွယ်တကူ ဆောင်ရွက်နိုင်သည့်အပြင် ကုမ္ပဏီဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအားလုံးကိုလည်း ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း။

ဝန်ကြီးဌာနများအနေဖြင့်လည်း ရင်းနှီးမြှုပ်နှံသူများ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာတွင် အခက်အခဲ ပေါ်ပေါက်စေမည့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဆောင်ရွက်ပေးရေးနှင့် လုပ်ငန်းအဆင့်များပြားနေခြင်းကို လျှော့ချနိုင်ရေးအတွက် တစ်ဆင့်ပြီး တစ်ဆင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

### စီမံကိန်းရေးဆွဲ

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်း(MIPP) ကို ရေးဆွဲအကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်း (MIPP) သည် တာဝန်ယူမှုရှိပြီး အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ခြင်းဖြင့် သာတူညီမျှချမ်းသာကြွယ်ဝသည့် လူမှုအသိုက်အဝန်းတစ်ရပ်ဖန်တီးသွားရန်နှင့် ဟန်ချက်ညီသည့်ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ အဆိုပါ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း (MIPP)ကို နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များ၊ မူဝါဒများနှင့် လိုက်လျောညီထွေဖြစ်ရန် (၅) နှစ်တစ်ကြိမ် ပြန်လည်ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) မှာ “စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (Sustainable Development Goals –SDGs)” ပြည့်မီရေးအတွက် ဦးတည်ရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းသည် အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ပြီး တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာစေရေးအတွက် ပုဂ္ဂလိကကဏ္ဍ၏ အရေးပါမှုကိုလည်း အလေးပေးရေးဆွဲထားပါကြောင်း၊ အစိုးရအနေဖြင့် “လူမှု–စီးပွား ဖွံ့ဖြိုးတိုးတက်မှု” နှင့် “သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှု” တို့အတွက် မျှတအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ၏ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအတွက် “မြန်မာနိုင်ငံ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးမူဘောင်နှင့် လုပ်ငန်းစီမံချက်” ကိုလည်း ရေးဆွဲထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါ မူဘောင်သည် “ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရန်”၊ “ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရန်”၊ “ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရန်”၊ “စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရန်”နှင့် “အခြေခံလူသားအရင်း အမြစ်တည်ဆောက်ရန်” စသည့် အချက် (၅)ချက်ကို လွှမ်းခြုံစေရန် ရေးဆွဲထားခြင်းဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူစေရန် ဖြေလျှော့မှုများ၊ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ပေးနေချိန်တွင် တနင်္သာရီတိုင်းဒေသကြီးသည် စီးပွားရေး အချက်အချာကျသည့်နေရာတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးများ ပိုမိုကောင်းမွန်လာပြီဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးသို့ အလွယ်တကူသွားလာ၍ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ပြီဖြစ်ပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ် (၂၀၁၉) အောင်မြင်အောင် ဦးဆောင်ကျင်းပ ပေးခဲ့ကြသည့် “ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန”၊ “မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်”၊ “တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့”၊ “တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ”၊ “ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီး ဌာန” နှင့် “ပံ့ပိုးကူညီပေးကြသည့် Myanmar Investors Development Association (MIDA)” နှင့် “DaNa Facility” တို့ကို ကျေးဇူးတင်ရှိပါကြောင်း။

### ပိုမိုတိုးတက်လာမည်

လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေး အလားအလာကောင်းသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ကြခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း၊ လာမည့်နှစ်များအတွင်း တနင်္သာရီတိုင်းဒေသကြီး၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်မောင်က တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်(၂၀၁၉)နှင့် စပ်လျဉ်း၍ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်(၂၀၁၉)နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Myanmar Investors Development Association ( MIDA) ဥက္ကဋ္ဌ ဦးခင်မောင်အေးက တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ် (၂၀၁၉) ကျင်းပရသည့် ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဖိုရမ်သို့ တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ နံနက်ပိုင်း အခမ်းအနား အစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန်အတွက် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် ဆောင်ရွက်ချက်များ၊ အားလုံးပါဝင်နိုင်သော စီးပွားရေးလုပ်ငန်းများ၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ စီးပွားရေးစကြံ့များ၊ ဒေသဆိုင်ရာ ချိတ်ဆက်မှုများနှင့် ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း Myanmar Investors Development Association(MIDA)မှ ဆက်လက်ဆောင်ရွက်မည့်စီမံကိန်းများ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးပတ်ဝန်းကျင်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် Business Matching တို့ကို တာဝန်ရှိသူများနှင့် စီးပွားရေးပညာရှင်များက ဆွေးနွေးသွားကြပြီး တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်(၂၀၁၉) ကို ဒီဇင်ဘာ ၈ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် လေကြောင်းခရီးဖြင့် မြိတ်မြို့မှ ရန်ကုန်မြို့သို့ ရောက်ရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဘာသာရပ်ဆိုင်ရာဆေးပညာရှင်အဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၇

ဘာသာရပ်ဆိုင်ရာ ဆေးပညာရှင်အဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး သင်တန်းခန်းမ၌ ကျင်းပသည်။

### အကြံပြုချက်များ အလေးထားဆောင်ရွက်သွားမည်

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဆေးပညာဘာသာရပ်အလိုက် စနစ်တကျ ပိုမိုတိုးတက် ဖွံ့ဖြိုးလာရန်အတွက် ဆေးတက္ကသိုလ် ငါးခုမှ ပါမောက္ခ/ ဌာနမှူးများ၊ ပါမောက္ခများပါဝင်သော ဘာသာရပ်ဆိုင်ရာ ဆေးပညာရှင် ၁၀ ဦးစီ ပါဝင်သည့် အဖွဲ့ပေါင်း ၃၀ ကျော်ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါ အဖွဲ့များအနေဖြင့် မိမိတို့၏ ဘာသာရပ် ပိုမိုမြင့်မားလာစေရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လမ်းပြမြေပုံနှင့် လုပ်ငန်းမူဘောင်များကို ရေးဆွဲချမှတ်စေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သင့်လျော်မှန်ကန်သော၊ အရည်အသွေးကောင်းမွန်သော၊ စံချိန်စံညွှန်းပြည့်မီ၍ ကြာရှည်အသုံးပြုနိုင်သော ဆေးဝါးနှင့် စက်ကိရိယာပစ္စည်းများကို ဝယ်ယူနိုင်ရန်အတွက် အကြံပြုချက်များ ပေးစေလိုပါကြောင်း၊ သက်ဆိုင်ရာ ဆေးပညာရပ်အလိုက် ပညာရှင်အဖွဲ့များသည် မိမိတို့၏ ဘာသာရပ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ သိရှိသူများဖြစ်၍ ဝန်ကြီးဌာနအနေဖြင့် အကြံပြုချက်များ၊ တင်ပြချက်များကို သေချာစွာမှတ်သား၍ အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊



ဘာသာရပ်ဆိုင်ရာ ဆေးပညာရှင်အဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

### လုပ်ငန်းလမ်းညွှန်များ ပြုပြင်မွမ်းမံရေးဆွဲစေလို

ဝန်ကြီးဌာနအနေဖြင့် လူနာများဘေးကင်းလုံခြုံရေးကို ဦးစားပေးလုပ်ငန်း တစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ များဖွဲ့စည်းပြီး သက်ဆိုင်ရာကဏ္ဍအလိုက် လူနာဘေးကင်းလုံခြုံရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ၊ ရေးဆွဲထုတ်ဝေခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကို လာမည့်တစ်နှစ်တာကာလအတွင်း အလေးပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူနာဘေးကင်းလုံခြုံရေးနှင့် သက်ဆိုင်သော ခွဲစိတ်ခန်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်၊ လူနာများ မခွဲစိတ်မီ ဆန်းစစ်ခြင်းနှင့် ခွဲစိတ်ပြီး လေ့လာစောင့်ကြပ် ကြည့်ရှုပြုစုစောင့်ရှောက်ခြင်း ဆိုင်ရာ လုပ်ငန်းလမ်းညွှန်များကို ပြုပြင်မွမ်းမံရေးဆွဲသွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက ဘာသာရပ်ဆိုင်ရာ ဆေးပညာရှင်အဖွဲ့များ၏ အခန်းကဏ္ဍကို ရှင်းလင်းတင်ပြကြသည်။

**သတင်းစဉ်**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု ထာဝရဖဲကြိုးဖြူအသိပညာပေးအစီအစဉ် ကျင်းပ

## အကြမ်းဖက်မှုမှ ကာကွယ်ခြင်းသည် ပဋိပက္ခများကို ငြိမ်းချမ်းအောင် ဆောင်ရွက်ခြင်းဖြစ်

နေပြည်တော် ဒီဇင်ဘာ ၇

**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု ထာဝရဖဲကြိုးဖြူအသိပညာပေးအစီအစဉ် အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု ထာဝရဖဲကြိုးဖြူအသိပညာပေး အစီအစဉ် အခမ်းအနားတက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ရှေးဦးစွာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှု ထာဝရဖဲကြိုးဖြူအသိပညာပေးအစီအစဉ်ကို ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်က စီစဉ်ကျင်းပခဲ့ပြီး အခမ်းအနားကို လွတ်လပ်ခြင်းနှင့် ဖဲကြိုးဖြူသီချင်းဖြင့် ဖွင့်လှစ်ပေးသည်။

### တန်းတူအခွင့်အရေးရရှိရေး အရေးကြီး

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူသား တစ်ဦးချင်းအနေဖြင့် လွတ်လပ်လုံခြုံစွာဖွံ့ဖြိုးတိုးတက်ရေးသည် အလွန် အရေးကြီးသည့် ကိစ္စဖြစ်ကြောင်း၊ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အန္တရာယ်များကို ကာကွယ်ပေးရန် လိုပါကြောင်း၊ အမျိုးသမီးများနှင့်ပတ်သက်၍ အကြမ်းဖက်မှုကာကွယ်ရေးသည် အရေးကြီးသည့်အချက်ဖြစ်သကဲ့သို့ အမျိုးသမီးနှင့် အမျိုးသားများသည် တန်းတူအခွင့်အရေးရရှိရေးသည်လည်း အရေးကြီးကြောင်း၊ တန်းတူအခွင့်အရေးရရှိလျှင် အကြမ်းဖက်မှုလျော့နည်း နိုင်ကြောင်း၊ မိမိတို့သည် လူသားများဖြစ်သောကြောင့် တစ်ဦးနှင့်တစ်ဦး အကြမ်းမဖက်ရဘူးဆိုသည်ကို လူသားဆန်စွာဖြင့် အသိအမြင်ရှိကြရမည် ဖြစ်ကြောင်း၊ ဖဲကြိုးဖြူ၏သဘောတရားသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှဆန့်ကျင်သည့် သဘောတရားဖြစ်၍ ထာဝရဖဲကြိုးဖြူသည် မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ထာဝရဆန့်ကျင်ရမည့်သဘောဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသမီးများနှင့် ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ဖွဲ့စည်းထားကြောင်း၊ ကော်မတီတွင် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများအပြင် ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက် (Gender Equality Network) အပါအဝင် အမျိုးသမီးအရေး တက်ကြွစွာဆောင်ရွက်နေကြသည့် အဖွဲ့ခုနစ်ဖွဲ့ပါဝင်ပါကြောင်း၊ အမျိုးသမီးများ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်မှုများမှ ကာကွယ်ပေးရန် ပြည်သူများ အသိပညာများ ပိုမိုသိရှိလာစေရန်နှင့် ပိုမိုပါဝင် လာစေရန် (၁၆)ရက်တာ လှုပ်ရှားမှုကို ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်မှုမှ ကာကွယ်ခြင်းသည် ပဋိပက္ခများကို ငြိမ်းချမ်းအောင် ဆောင်ရွက် ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံ အစည်းအဝေးသဘောတူစာချုပ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသောပြည်ထောင်စုကို တည်ဆောက်ရာတွင် ကျား၊ မ ရေးရာ အခြေပြု အကြမ်းဖက်မှုများကို ကာကွယ်နိုင်ရေးနှင့် ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ ၃၀ ရာခိုင်နှုန်းပါဝင်ရေး အချက်များပါဝင်ကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှကာကွယ်ပေးရန် ဆောင်ရွက်ပေးကြသည့် အဖွဲ့အသီးသီးနှင့် ယနေ့ ထာဝရဖဲကြိုးဖြူအသိပညာပေးအစီအစဉ်ကို ဆောင်ရွက်ပေးကြသည့် အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအနေဖြင့် အမျိုးသမီးများ ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

### ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား

ဆက်လက်၍ Trocaire Myanmar ၏ တာဝန်ရှိသူတစ်ဦးက ထာဝရဖဲကြိုးဖြူ အသိပညာပေးအစီအစဉ်နှင့်ပတ်သက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား သည်။

ထို့နောက် ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက် (Gender Equality Network) အကြောင်းကို ဗီဒီယိုမှတ်တမ်းပြသခဲ့ပြီး တာဝန်ရှိသူတစ်ဦးက ထာဝရဖဲကြိုးဖြူအခမ်းအနား ကျင်းပရခြင်းနှင့် ဖြစ်ပေါ်လာပုံကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ထာဝရဖဲကြိုးဖြူအမည်ဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ပြုလုပ်ခဲ့သော လှုပ်ရှားမှုများကို ဗီဒီယိုဖြင့် ပြသခဲ့သည်။ ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့် တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြ ပြီး အခမ်းအနားကို သရုပ်ဖော်ဓာတ်လမ်းတိုများ၊ သံချပ်၊ သီချင်းများ ဖျော်ဖြေခြင်းနှင့် ပညာပေးအစီအစဉ်များဖြင့် ဆက်လက်ကျင်းပခဲ့ကြသည်။

### အကြမ်းဖက်မှုမှတားဆီးကာကွယ်ရေးဥပဒေ ဖော်ဆောင်လျက်ရှိ

အစိုးရအနေဖြင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး ဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UN CEDAW)ကို အခြေခံ၍ မြန်မာအမျိုးသမီးများ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေကို ဖော်ဆောင်လျက်ရှိခြင်း၊ ၂၀၁၉ ခုနှစ်အတွင်း ဖော်ဆောင်ခဲ့သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေတွင် အသက် ၁၈ နှစ်အောက် အမျိုးသမီးငယ်ရွယ်သူများအပါအဝင် ကလေးသူငယ်များအား အကြမ်းဖက်မှုမှကာကွယ်စောင့်ရှောက်ခြင်းကို ထည့်သွင်းပြဋ္ဌာန်းခြင်း၊ ပဋိပက္ခ များအတွင်း အမျိုးသမီးများအား လိင်အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရန် အစိုးရ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းစဉ်များချမှတ်ခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အမျိုးသမီးအရေး တက်ကြွစွာလှုပ်ရှားနေကြသော အဖွဲ့အစည်းများ၊ ပြည်သူများအားလုံးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၇

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ လျော့နည်းနေမည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ဆိုင်ရာ ဥပဒေရေးရာစကားဝိုင်း ကျင်းပ

အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) ဆိုင်ရာ ဥပဒေရေးရာစကားဝိုင်းကို ဦးဆောင်ဆွေးနွေးသူအဖြစ် ဦးကိုကို (စက်မှုတက္ကသိုလ်)က ဆောင်ရွက်ပြီး ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်(ငြိမ်း) ဦးထွန်းမြတ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာဦး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဒေါ်လှမျိုးနွယ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးဟန်ညွန့်တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည် –


ဦးကိုကို


ဦးထွန်းမြတ်


ဒေါက်တာ သီတာဦး


ဒေါ်လှမျိုးနွယ်


ဦးဟန်ညွန့်

*ယမန်နေ့မှအဆက်*

**ဦးကိုကို ။ ။ ဆရာကြီး ရှင်းပြပေးသွားတာ တော်တော်လေးလည်း** ရှင်းပါတယ်။ နောက်တစ်ခုက ICJ နဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံကို တရားစွဲတယ်။ တရားစွဲတဲ့နိုင်ငံက ဂမ်ဘီယာလို့ သိရတယ်။ ဂမ်ဘီယာဆိုတာ ကျွန်တော်တို့နိုင်ငံနဲ့ အလှမ်းဝေးတဲ့ အာဖရိကနိုင်ငံတစ်ခုဖြစ်တယ်။ အဲဒီလိုနိုင်ငံက မြန်မာနိုင်ငံကို အဆက်အစပ်မရှိဘဲ တရားစွဲတယ်ဆိုတဲ့အခါကျတော့ ဆရာမက ဘာကြောင့်တရားစွဲဆိုနိုင်တယ်ဆိုတာ ဆွေးနွေးပေးစေလိုပါတယ်။

**ဒေါက်တာသီတာဦး** ။ ။ ဂမ်ဘီယာနဲ့ မြန်မာနိုင်ငံဟာ ခုနက ကျွန်မရှင်းပြခဲ့သလို Genocide Convention နိုင်ငံတွေ ဖြစ်ပါတယ်။ အဲဒီ Genocide Convention ရဲ့ Article 9 မှာ ပြောထားတာတစ်ခုရှိပါတယ်။ ဘာလဲဆိုတော့ Genocide Convention ကို အဓိပ္ပာယ်ဖွင့်ဆိုတာ၊ အကောင်အထည်ဖော်တာ၊ လိုက်နာဆောင်ရွက်ဖို့ ပျက်ကွက်တာနဲ့ ပတ်သက်ပြီး နိုင်ငံအချင်းချင်းအကြားမှာ အငြင်းပွားမှု ပေါ်ပေါက်လာခဲ့မယ်ဆိုရင် စာချုပ်ဝင် နိုင်ငံတစ်နိုင်ငံက ICJ ကို Request လုပ်ပြီး အငြင်းပွားမှုကို ဖြေရှင်းပေးဖို့ တောင်းဆိုနိုင်ပါတယ်။ အဲဒီလို Article 9 ကို မြန်မာနဲ့ ဂမ်ဘီယာရောက ခြွင်းချက်ပြုမထားခဲ့ဘူး။ လက်ခံလိုက်နာပါမယ်လို့ ကွန်ဗင်းရှင်းဝင်တုန်းက သဘောတူခဲ့တယ်။

အဲဒီလို သဘောတူခဲ့တဲ့အတွက် Article 9 ကို အခြေပြုပြီး ဂမ်ဘီယာက ICJ မှာ မြန်မာနိုင်ငံကို တရားစွဲတယ်။ ဒါပေမယ့် Article သဘောအရ Request ပဲ လုပ်ခွင့်ရှိတာပါ။ နိုင်ငံတာဝန်ရှိမှုအနေနဲ့ ကျွန်မတို့က လိုက်လံဖြေရှင်းတယ်။ သို့သော်လည်း ဂမ်ဘီယာနိုင်ငံက တရားစွဲဆိုခွင့်ရှိတယ်လို့ထင်ပြီး လုပ်နေတဲ့ ပုံစံမျိုးဖြစ်နေပါတယ်။ ဒါတွေကတော့ ရင်ဆိုင်ပြီး သွားရောက်ဖြေရှင်းဖို့ ဆောင်ရွက်နေတယ်။ ဂမ်ဘီယာနိုင်ငံက အဖွဲ့ဝင် ၅၇ နိုင်ငံပါတဲ့ Organization of Islamic Cooperation (OIC) က သူတို့ရဲ့ အကျိုးစီးပွားနဲ့ သက်ဆိုင်တယ်ဆိုတဲ့ သဘောတရားနဲ့ ဂမ်ဘီယာနိုင်ငံကို သူတို့ရဲ့ ကိုယ်စားပြုပြီးတော့ နိုင်ငံတစ်နိုင်ငံအနေနဲ့ ဂမ်ဘီယာနိုင်ငံကို Request၊ တောင်းဆိုခိုင်းတာပါ။ ဖြေရှင်းပေးဖို့ဆိုပြီး တောင်းဆိုခိုင်း ပေမယ့် တရားစွဲလို့ရတယ်ဆိုတဲ့သဘောမျိုး ဖြစ်နေတယ်။

နောက်တစ်ခုက ဒီကွန်ဗင်းရှင်းရဲ့ Article 9 က သဘောတရားက နိုင်ငံကြီးခြင်း၊ သေးခြင်း၊ ဝေးခြင်း၊ နီးခြင်းကိုလည်း မပြောဘူး။ ခုနက ကျွန်မပြောခဲ့သလို အငြင်းပွားမှုကို တောင်းဆိုနိုင်တယ်လို့ဆိုတဲ့အတွက် ဂမ်ဘီယာက စွဲတာပါ။

**ဦးထွန်းမြတ်** ။ ။ စွဲဆိုတာကတော့ စွဲဆိုတာပါ။ စွဲဆိုတာက အရာရောက်မလား၊ မရောက်ဘူးလားဆိုတာ စောင့်ကြည့်ရပါမယ်။

**ဦးကိုကို ။ ။ ခုနက ဆရာမ ပြောသလိုဆိုရင် Article အရ ယူဆချက်တွေပါ။ နောက်တစ်ခုက ဒီအတွက် ဒီဇင်ဘာ ၁၀ ရက်မှာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးလည်းဖြစ်တဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး သွားမယ်။ ဒါကို ကြိုဆိုထောက်ခံကြတဲ့သူတွေ ရှိသလို ကျွန်တော်တို့ နိုင်ငံအကြီးအကဲတစ်ယောက်ဟာ ဒါမျိုးကိစ္စကို ကိုယ်တိုင်သွားပြီး ဖြေရှင်းဖို့ လိုသလားဆိုပြီး စိုးရိမ်စိတ်နဲ့ ပြောဆိုနေကြတာ ရှိပါတယ်။ ဆရာမကြီးကို ဒါနဲ့ ဆက်စပ်ပြီး ဆွေးနွေးပေးစေလိုပါတယ်။**

**ဒေါ်လှမျိုးနွယ်** ။ ။ ICJ အရ နိုင်ငံကနေ အေးဂျင့်ကိုယ်စားလှယ်အဖြစ် ကိုယ်စားပြုဆောင်ရွက်ရမယ်လို့ သတ်မှတ်ချက်ရှိပါတယ်။ နိုင်ငံတကာအတွေ့အကြုံအရလည်း အေးဂျင့်တွေ ခန့်ထားရပါတယ်။ ကျွန်မတို့ ဘင်္ဂလားဒေ့ရှ်ကိစ္စမှာလည်း အေးဂျင့်တွေကို ခန့်ထားပါတယ်။ ကိုယ်စားပြုခြင်းဆိုတာထက် အခု ပြည်ထောင်စုဝန်ကြီးသွားတဲ့အခါ ကိုယ်စားပြုခြင်းသက်သက်သာ ဖော်ချင်တယ်ဆိုရင်တော့ တခြားအဆင့်မြင့်ပုဂ္ဂိုလ်တစ်ဦးဦးကို အေးဂျင့် အဖြစ် ခန့်ထားနိုင်ပါတယ်။ ဒါမှမဟုတ်လည်း သူ့ကို အထောက်အပံ့ပေးဖို့ အတွက် နိုင်ငံတကာဥပဒေပညာရှင်တွေကိုလည်း အဆင်သင့် ရွေးချယ်ထားပြီးသားဖြစ်နေပါတယ်။ ပြည်တွင်းက ဥပဒေပညာရှင်တွေရဲ့ အထောက်အပံ့တွေလည်း အများကြီးရှိပါတယ်။ ဒါပေမယ့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင်သွားတဲ့ကိစ္စက ကိုယ်စားပြုခြင်းဆိုတဲ့ တာဝန်ထက်ပိုပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သွားရောက်တဲ့ အဓိက ရည်မှန်းချက်က နိုင်ငံရဲ့အကျိုးစီးပွားကို ကာကွယ်ဖို့ပါ။

ဒါကလည်း နိုင်ငံရဲ့ အရေးကိစ္စ၊ နိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့ဆိုင်တဲ့ ကိစ္စဖြစ်တဲ့အတွက် ဒါက သွားရောက်ပြီး ကာကွယ်ဖို့ ဖြစ်ပါတယ်။ ဒုတိယအချက်က ဒီအမှုကိစ္စအရေးအရာတွေမှာ ကိုယ်တိုင်ဦးဆောင်ပြီး ဖြေရှင်းဖို့ဆိုတဲ့ ရည်ရွယ်ချက်ပါ။ နောက် အရေးကြီးတဲ့အချက်က နိုင်ငံခြားရေးဝန်ကြီးတစ်ယောက်အနေနဲ့ သွားရောက်ပြီး ဒီအမှုဖွင့်တဲ့နေ့မှာ မိန့်ခွန်း ဒါမှမဟုတ် ထုတ်ပြန်ချက်တစ်ခု ထုတ်ပြန်နိုင်တယ်။ ဒီလိုထုတ်ပြန်ခြင်းက ဘာကိုပြသလဲဆိုတော့ ကျွန်မတို့နိုင်ငံအနေနဲ့ ခိုင်မာစွာရပ်တည်ထားတဲ့ မိမိနိုင်ငံရဲ့ ရပ်တည်ချက်၊ အဆင့်ကို ကမ္ဘာကို သိအောင်ပြောကြားတဲ့ အခွင့်အရေးကို ယူတဲ့ သဘောပါပဲ။

အထူးသဖြင့်ကတော့ နိုင်ငံခြားရေးဝန်ကြီးလို အဆင့်မြင့်တဲ့သူတစ်ယောက်က နိုင်ငံတကာဖိုရမ်တစ်ခု ဒါမှမဟုတ် နိုင်ငံတကာတရားရုံးမှာ ပြောကြားတဲ့ ထုတ်ပြန်မှုဟာ အပြည်ပြည်ဆိုင်ရာ ဥပဒေရဲ့ သဘောတရားအရ ဥပဒေအကျိုးသက်ရောက်မှုတွေ အများကြီးရှိပါတယ်။ နိုင်ငံတကာတရားရုံးတွေမှာ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ကျွန်မ ကိုယ်တိုင်ပါဝင်ခွင့်ရတဲ့ အတွေ့အကြုံအရ ပြောပြတာပါ။ ဒီလိုသွားပြောတာက အလွန်အရေးကြီးပြီးတော့ တရားရုံးက ဆုံးဖြတ်ချက်ကို စဉ်းစားတဲ့အခါမှာ ဒီအချက်က အရေးပါပါတယ်။ အထောက်အကူဖြစ်စေပါတယ်။

**ဦးကိုကို ။ ။ ယူဆချက်မျိုးစုံနဲ့ မေးခွန်းမေးကြတဲ့အပေါ်မှာတော့ တော်တော်လေး ရှင်းလင်းသွားပါတယ်။ နိုင်ငံအတွက် ခေါင်းဆောင်ကောင်းတစ်ယောက်အနေနဲ့ ရှေ့ကနေ မားမားမတ်မတ် ရပ်တည်နိုင်ဖို့ ဖြစ်တယ်လို့ ကျွန်တော်ကတော့ ခံယူပါတယ်။**

**ဦးထွန်းမြတ်** ။ ။ ဆရာမပြောတဲ့အထဲမှာလည်း ပါပါတယ်။ တစ်ချက်က ဘာလဲဆိုတော့ လေးစားရာလည်း ရောက်ပါတယ်။ ကျွန်တော်တို့ခေါင်းဆောင်အနေနဲ့ ဒီကိစ္စဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ အလေးပြုတယ်ဆိုတဲ့အနေနဲ့ သူကိုယ်တိုင်ပါဝင်ပြီး လုပ်ဆောင်ပေးတာ အများကြီးအကျိုးရှိစေပါတယ်။

**ဦးကိုကို ။ ။ ဆရာကြီး ပြောချင်တာက ကျွန်တော်တို့နိုင်ငံအနေနဲ့ နိုင်ငံက ဥပဒေတွေသာမက နိုင်ငံတကာနဲ့ သက်ဆိုင်တဲ့ ဥပဒေတွေကိုပါ တန်ဖိုးထားတယ်ဆိုတာကို ပြောချင်တယ်လို့ ထင်ပါတယ်။**

**ဒေါ်လှမျိုးနွယ်** ။ ။ ပြည်ထောင်စုဝန်ကြီး သွားမယ်လို့ ပြောလိုက်တာနဲ့ ပြည်တွင်းအဖွဲ့အစည်းတွေက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြသလို နိုင်ငံတကာသတင်းစာတွေ၊ ဂျာနယ်တွေမှာလည်း ကြိုဆိုတဲ့အကြောင်း အကောင်းမြင်တဲ့ဘက်ကနေ ရေးသားကြတာကို တွေ့နိုင်ပါတယ်။

**ဦးကိုကို ။ ။ ထောက်ခံတာတွေ ရှိတယ်။ တချို့က စိုးရိမ်တာရှိတယ်။ ဒါကလည်း သဘာဝတရားပါပဲ။ ပြည်သူလူထုက ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လိုအခြေခံပြီး ဆောင်ရွက်သင့်တယ်လို့ ထင်ပါသလဲ။**

**ဦးဟန်ညွန့်** ။ ။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ICJ အမှုကို ရင်ဆိုင်တဲ့အခါ ဘယ်လိုအခြေခံမျိုးနဲ့ ရင်ဆိုင်မလဲဆိုတာ အရေးကြီးတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့လည်း နိုင်ငံခြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ ဒါကို အလျဉ်းသင့်လို့ ဆွေးနွေးရရင် ICJ အမှုနဲ့ ရင်ဆိုင်တဲ့အခါမှာ ဘယ်သူ့ကိုမှ ထိခိုက်စေခြင်း၊ တိုက်ခိုက်စေခြင်းမျိုး မလုပ်ပါဘူး။ ပကတိ အရှိတရားကို ကမ္ဘာက နားလည်လက်ခံစေဖို့အတွက် ကြိုးပမ်းမယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ပြန်ထားပါတယ်။

ဒီလို ထုတ်ပြန်ကြေညာတဲ့အပေါ်မှာလည်း အင်မတန် စာနာမျှတတဲ့ မြန်မာတို့ရဲ့ ချစ်စရာ့ဓလေ့ဖြစ်တယ်ဆိုတာကို အများပြည်သူက လက်ခံကြပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုး၊ မည်သည့်ဘာသာနဲ့ အဖွဲ့အစည်းကိုမျှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်နစ်နာစေခြင်း၊ တိုက်ခိုက်ခြင်း အလျဉ်းပြုလုပ်မှာ မဟုတ်ဘူးဆိုတာကိုလည်း တိုင်းသိ ပြည်သိ ကမ္ဘာသိအောင် ကြေညာထားပြီးဖြစ်ပါတယ်။

ဒီကြေညာချက်အပေါ်မှာ အရေးကြီးတဲ့အချက်လေး တစ်ချက်ကိုလည်း ကြေညာခွင့်ပြုပါ။ အရေးကြီးရင် သွေးစည်းကြစို့ဆိုတာ အခြေခံအချက်ပဲ ဖြစ်ပါတယ်။ ဒီအရေးဟာ နိုင်ငံ့အရေးကိစ္စဖြစ်ပါတယ်။ နိုင်ငံ့အကျိုးစီးပွားကိစ္စလည်း ဖြစ်ပါတယ်။ အရေးကြီးပြီ၊ သွေးစည်းကြစို့ဆိုတဲ့အတိုင်းပဲ ပြည်သူတစ်ရပ်လုံးရဲ့ စည်းလုံးညီညွတ်မှုကို ပြသရမယ့် အချိန်အခါလည်း ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ကြီးမားလှတဲ့အင်အားကို ဖြစ်ထွန်းစေမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

ဒီအချက်ကိုလည်း ပြည်သူတွေက အားရကျေနပ်လျက်ရှိပြီးတော့ အဖွဲ့အစည်းအသီးသီးက ပြည်သူလူထုနဲ့အတူ တစ်သွေးတည်း၊ တစ်သားတည်း တစ်နိုင်ငံလုံးဟာဖြင့် အုန်းအုန်းကျွက်ကျွက်၊ ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်ဆိုတာကို ကောက်နုတ်ပြီး တင်ပြလိုပါတယ်။

**ဒေါ်လှမျိုးနွယ်** ။ ။ အရေးကြီးပြီ၊ သွေးစည်းကြစို့ဆိုတဲ့ စံပြုထားတဲ့အချက်က ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ ဆောင်ပုဒ်ပါ။

> “နိုင်ငံခြားရေးဝန်ကြီးတစ်ယောက်အနေနဲ့ သွားရောက်ပြီး ဒီအမှုဖွင့်တဲ့နေ့မှာ မိန့်ခွန်း ဒါမှမဟုတ် ထုတ်ပြန်ချက်တစ်ခု ထုတ်ပြန်နိုင်တယ်။ ဒီလိုထုတ်ပြန်ခြင်းက ဘာကိုပြသလဲဆိုတော့ ကျွန်မတို့နိုင်ငံအနေနဲ့ ခိုင်မာစွာရပ်တည်ထားတဲ့ မိမိနိုင်ငံရဲ့ ရပ်တည်ချက်၊ အဆင့်ကို ကမ္ဘာကို သိအောင်ပြောကြားတဲ့ အခွင့်အရေးကို ယူတဲ့ သဘောပါပဲ။ အထူးသဖြင့်ကတော့ နိုင်ငံခြားရေးဝန်ကြီးလို အဆင့်မြင့်တဲ့သူ တစ်ယောက်က နိုင်ငံတကာဖိုရမ်တစ်ခု ဒါမှမဟုတ် နိုင်ငံတကာတရားရုံးမှာ ပြောကြားတဲ့ ထုတ်ပြန်မှုဟာ အပြည်ပြည်ဆိုင်ရာ ဥပဒေရဲ့ သဘောတရားအရ ဥပဒေအကျိုးသက်ရောက်မှုတွေ အများကြီးရှိပါတယ်”
>
> ဒေါ်လှမျိုးနွယ်

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

**ဦးဟန်ညွန့်** ။ ။ ဟုတ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လိုအပ်ချက်ရှိလာတိုင်း၊ လိုအပ်လာတဲ့ အရေးကြီးတဲ့ အချိန်ရောက်တိုင်း ဒီဆောင်ပုဒ်ကို သတိရမှာပါ။ အားလုံးစံပြုရမှာပါ။ မည်သူတစ်ဦးတစ်ယောက်ရဲ့ တိုက်တွန်းမှုမပါဘဲ မိမိရဲ့ စိတ်ဆန္ဒအလျောက် အရေးကြီးရင် သွေးစည်းကြစို့ဆိုတဲ့ သဘောထားဖြစ်ပါတယ်။

**ဦးကိုကို ။ ။ ဆရာတို့ ဆရာမတို့ ဝိုင်းပြီးဆွေးနွေးကြသလို ကျွန်တော်တို့နိုင်ငံအတွက် အရေးကြီးတဲ့ အချိန်တစ်ခုရောက်ပြီဆိုတဲ့ သတင်းစကားလေးဖြစ်ပါတယ်။ စကားဝိုင်းမှာ ဆွေးနွေးတာက အကြောင်းအရာ ပြည့်စုံသလောက်ရှိပါပြီ။ နောက်ဆုံးအနေနဲ့ ဆရာကြီးအနေနဲ့ ထပ်မံဖြည့်စွက်လိုတာရှိရင် ပြောပြပေးပါ။**

**ဦးထွန်းမြတ်** ။ ။ တစ်ခုတော့ ပြောဖို့ လိုမလားလို့ပါ။ ဆရာမ ဒေါ်လှမျိုးနွယ် ပြောသွားတဲ့အထဲမှာတော့ ပါသွားပါပြီ။ ဒီတစ်ခုမှတ်ရမှာက ဒီဇင်ဘာလ ၁၀ ရက်မှာစပြီး တရားရင်ဆိုင်ရမှာက သုံးရက်ပဲကြာမှာပါ။ အဓိပ္ပာယ်ကတော့ အမှုနိုင်ပြီဆိုပြီးတော့လည်း ပြောလို့မရသလို ရှုံးပြီဆိုပြီးတော့လည်း ပြောလို့မရပါဘူး။ ဒါလေးကိုလည်း သတိချပ်စေချင်ပါတယ်။ ဒီအမှုမျိုးက ဖြစ်လာပြီဆိုရင် ဖြစ်လာတဲ့အတိုင်း ရဲရင့်တည်ငြိမ်စွာ စည်းစည်း လုံးလုံးနဲ့ ဉာဏ်စွမ်းရှိသမျှ စဉ်းစားဆင်ခြင်ပြီး လုပ်ရမယ့်ဟာပါ။ ရေရှည်လုပ်ရမယ့်ကိစ္စပါ။ တစ်ပွဲတိုးလုပ်ပြီးတော့ နိုင်ပြီ၊ ရှုံးပြီ လုပ်လို့မရတဲ့ကိစ္စဆိုတာကို အားလုံးအနေနဲ့ လက်ခံဖို့လိုပါတယ်။

နောက်တစ်ခုက ထောက်ခံတဲ့နေရာမှာလည်း ထောက်ခံတာက ဆရာပြောသွားသလို အကုန်လုံးက သောင်းသောင်းဖြဖြထောက်ခံတာ အားရစရာကောင်းပါတယ်။ ဒါပေမယ့် ဘယ်သူကိုမှ မပိုစေနဲ့၊ ရိုးရိုးသားသား စေတနာနဲ့ ထောက်ခံတာဖြစ်ပေမယ့် နည်းနည်းပြောတာဆိုတာ အဆင်မပြေဖြစ်သွားတာမျိုးရှိခဲ့ရင် အဓိပ္ပာယ်တစ်မျိုး ကောက်သွားမှာစိုးလို့ပါ။

**ဒေါ်လှမျိုးနွယ်** ။ ။ အဓိက ကျွန်မတို့အားလုံး ရှင်းဖို့လိုတဲ့ အချက်က ဒီဇင်ဘာ ၁၀ ရက်မှာ သွားမယ့်ကိစ္စက မူလစွဲထားတဲ့ Genocide Convention ကို ချိုးဖောက်မှုကိစ္စကို သွားတာမဟုတ်ပါဘူး။ ဂမ်ဘီယာဘက်က ကြားဖြတ်အရေးယူပေးပါဆိုတဲ့ကိစ္စကို သွားပြီး ဖြေရှင်းတာ ဖြစ်ပါတယ်။ ကြားဖြတ်အမိန့် ချမယ်၊ မချဘူးဆိုတာ အရေးကြီးပါတယ်။ ရှင်းရှင်းလင်းလင်း နားလည်အောင်ပြောရရင် စွပ်စွဲချက်တစ်ခုချင်းကို အတိအကျ စစ်ဆေးစီရင်တာ မဟုတ်သေးဘဲနဲ့ အပေါ်ယံအမြင်အရ ကြည့်မယ်ဆိုရင် ဒီတင်ပြချက်တွေမှာ ဖြစ်နိုင်ဖွယ်ရှိတယ်ဆိုတဲ့ ကောက်ချက်ပဲဖြစ်ပါတယ်။ ကျွန်မတို့မြန်မာဘက်ကနေ ဒီလိုတားမြစ်တဲ့အမိန့်ကို မချအောင် အစွမ်းကုန်ကြိုးစားသွားမှာ ဖြစ်တယ်။

**ဦးကိုကို ။ ။ နောက်ဆုံးအနေနဲ့ ဆရာမ ဒေါ်သီတာဦးက အနှစ်ချုပ်အနေနဲ့ ပေးချင်တဲ့အချက်အလက်ရှိရင် ပြောပြပေးပါ။**

**ဒေါက်တာ သီတာဦး** ။ ။ ခုနက ဆရာဦးဟန်ညွန့် ပြောသွားသလို အရေးကြီးပြီ၊ ဒီလို အရေးကြီးတဲ့အကြောင်းကို ပြည်သူတွေက သေချာသိဖို့ လိုပါတယ်။ ဘယ်လိုကြောင့် အရေးကြီးတယ်ဆိုတဲ့ မှန်ကန်တဲ့အသိ သိနိုင်အောင်လည်း ပြည်သူတွေကို အချိန်နဲ့တစ်ပြေးညီ ဖြန့်ဖြူးပေးရမယ့်အချိန်ပါ။ ဒီလိုစကားဝိုင်းကနေ ပြည်သူတွေ သိရှိအောင် ပါဝင်ဆွေးနွေးခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။

> **“ဒီကြေညာချက်အပေါ်မှာ အရေးကြီးတဲ့အချက်လေး တစ်ချက်ကိုလည်း ကြေညာခွင့်ပြုပါ။ အရေးကြီးရင် သွေးစည်းကြစို့ဆိုတာ အခြေခံအချက်ပဲ ဖြစ်ပါတယ်။ ဒီအရေးဟာ နိုင်ငံ့အရေးကိစ္စ ဖြစ်ပါတယ်။ နိုင်ငံ့အကျိုးစီးပွား ကိစ္စလည်း ဖြစ်ပါတယ်။ အရေးကြီးပြီ၊ သွေးစည်းကြစို့ဆိုတဲ့အတိုင်းပဲ ပြည်သူတစ်ရပ်လုံးရဲ့ စည်းလုံးညီညွတ်မှုကို ပြသရမယ့် အချိန်အခါလည်း ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ကြီးမားလှတဲ့အင်အားကို ဖြစ်ထွန်းစေမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်”**
>
> ဦးဟန်ညွန့်

ကျွန်မအနေနဲ့ ပြောပြချင်တာက ဒီကိစ္စဟာ နိုင်ငံမှာနေထိုင်တဲ့ တိုင်းရင်းသားပြည်သူအားလုံး နိုင်ငံသူ နိုင်ငံသားအားလုံးနဲ့သက်ဆိုင်တဲ့ ကိစ္စကြီးဖြစ်ပါတယ်။ ဒါကြောင့် အားလုံးဟာ သွေးစည်းညီညွတ်စွာနဲ့တူညီတဲ့ အမြင်သဘောနဲ့ ပူးပေါင်းဖြေရှင်းဖို့ အချိန်တန်ပါပြီလို့ ပြောချင်ပါတယ်။

**ဒေါ်လှမျိုးနွယ်** ။ ။ ကျွန်မအနေနဲ့လည်း အခုလို ICJ မှာ အမှုရင်ဆိုင်တဲ့အခါ တစ်ဖက်ကကြည့်ရင် ကြီးမားတဲ့ စိန်ခေါ်မှုလို့ ပြောနိုင်ပါတယ်။ တစ်ဖက်ကတော့ ဒီစိန်ခေါ်မှုကို မှန်မှန်ကန်ကန် ရပ်တည်ချက်နဲ့ ရဲရဲဝံ့ဝံ့ရင်ဆိုင်ပြီး ကျွန်မတို့ မတရားစွပ်စွဲခံရတာကို ကမ္ဘာကို ရှင်းလင်းပြဖို့ အခွင့်အရေးအဖြစ် ယူနိုင်ဖို့ လိုပါတယ်။ ဒီအခွင့်အရေးကို ယူနိုင်ဖို့အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်သွားရောက်ပြီး ဖြေရှင်းတယ်ဆိုတာကို ရှင်းရှင်းသိအောင် ပြောပြချင်ပါတယ်။

**ဦးဟန်ညွန့်** ။ ။ ICJ ဆိုတာ အပြည်ပြည်ဆိုင်ရာ ဘာသာရပ်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်သူတွေနဲ့ အနေစိမ်းတဲ့၊ အနေဝေးတဲ့ ဘာသာရပ်တစ်ခုပါ။ ဒါကြောင့် အတွေ့အကြုံရှိတဲ့ ဥပဒေပညာရှင်အသီးသီးနဲ့ အနေစိမ်း၊ အနေဝေးတဲ့ တရားဥပဒေဆိုင်ရာ အသိပညာတွေကို ပေးစေလိုပါတယ်။ သတင်းမီဒီယာတွေကသော်လည်းကောင်း၊ တခြားသင့်ရာနည်းနဲ့သော်လည်းကောင်း အပြည်ပြည်ဆိုင်ရာ တရားဥပဒေဗဟုသုတတွေကို နံပါတ်တစ်အနေနဲ့ ဖြန့်ဝေစေလိုပါတယ်။ နံပါတ်နှစ်အချက်အနေနဲ့ ဆရာကြီးပြောသွားသလို ထောက်ခံတဲ့နေရာမှာ မှန်ကန်တဲ့၊ တတ်ကျွမ်းမှုနဲ့၊ နားလည်မှုနဲ့ အသိတရားနဲ့ ဆောင်ရွက်နိုင်ကြပါစေ။

**ဦးကိုကို ။ ။ အားလုံးက စုံစုံလင်လင်ဖြစ်အောင် အပြန်အလှန်ဆွေးနွေးပေးကြတယ်။ ဒီအတွက် ကျေးဇူးတင်ပါတယ်။ စကားဝိုင်းနဲ့ ပတ်သက်ပြီး အနှစ်ချုပ်ပြောပြချင်ပါတယ်။ အဓိက ICJ ဆိုတာ ဘာလဲဆိုတာ၊ မြန်မာနိုင်ငံနဲ့ ဘယ်လိုဆက်စပ်မှုရှိနေတယ် ဆိုတာတွေကို သိခဲ့ရပါတယ်။ ဒီအပေါ်ကနေ ထပ်ဆင့်ပေးတာက ရင်ဆိုင်တဲ့အခါ ဉာဏ်အမြော်အမြင်ရှိရှိနဲ့ ဘယ်သူ့ကိုမှ ထိခိုက်နစ်နာစေခြင်း မရှိစေရဆိုတဲ့ အခြေခံမှုပါ။ ဆရာ ဆရာမတို့ ဆွေးနွေးတာ အားလုံးအပေါ်ကနေ စကားလုံးတစ်ခုစုစည်းရရင် ဒီအချိန်က အမှန်တရားကို မြတ်နိုးတဲ့ မြန်မာတွေရဲ့ စည်းလုံးညီညွတ်မှုစိတ်ဓာတ်ကို ပြသကြရမယ့်အချိန်ဆိုတာကို ပေးလိုက်တယ်လို့ ယုံကြည်ပါတယ်။ ဆွေးနွေးပေးတဲ့အတွက် ဆရာ ဆရာမတို့ကို ကျေးဇူးတင်ပါတယ်။** ။

တာရာ၊ ကေကေ




## မြန်မာယူနီကုဒ်

ကွန်ပျူတာစနစ်တွင် မြန်မာဘာသာစကားကို စံသတ်မှတ်ချက်အဖြစ် ပြုပြင်ပြောင်းလဲခဲ့ကြပြီဖြစ်သည်။ နိုင်ငံတကာက ယူနီကုဒ်စနစ် အသုံးပြုမှုသည် ဆယ်စုနှစ်မက ရှိနေပြီဖြစ်သော်လည်း မိမိတို့နိုင်ငံတွင်မူ လပိုင်းသာ ရှိသေးသည်။ အပြောင်းအလဲကြောင့် အခက်အခဲရှိနိုင်သော်လည်း စံသတ်မှတ်ချက်များကို နည်းပညာရှုထောင့်က ဝေဖန်ဆန်းစစ်ကာ မိမိတို့၏ သတင်းအချက်အလက်၊ မြန်မာဘာသာစကား အရည်အသွေးတို့ကို ပိုမိုသိရှိစေပြီး လွယ်လင့်တကူ အသုံးပြုနိုင်ရန်အတွက် မြန်မာယူနီကုဒ်အကြောင်း သိကောင်းစရာစာအုပ်ကို စာရေးဆရာ မောင်ဆန်းက ဒုတိယအကြိမ် အဖြစ် ယခုနှစ် အောက်တိုဘာလတွင် ထုတ်ဝေထားခဲ့သည်။ စာအုပ်တန်ဖိုးငွေကျပ် ၄၅၀၀ ဖြစ်ပြီး ဇေယျခေတ္တရာစာပေမှဖြန့်ချိထားကြောင်း သိရသည်။




## ဆိုးသွမ်းတဲ့ မော်ဆရာနှင့် မှတ်ဖွယ်ပုံပြင်များ

ကလေးများအတွက် ပုံပြင်တိုပေါင်း ၁၈၀ ကျော် ပါဝင်သည့် ဆိုးသွမ်းတဲ့မော်ဆရာနှင့် မှတ်ဖွယ်ပုံပြင်များစာအုပ်ကို ပြီးခဲ့သည့် အောက်တိုဘာလက မဇ္ဈိမစာပေမှ ထုတ်ဝေထားခဲ့သည်။ တစ်ပုဒ်လျှင် စာမျက်နှာတစ်မျက်နှာခန့်သာ ရှိသည့် ပုံပြင်တိုလေးများဖြစ်သော်လည်း ကလေးများ၏ စာရိတ္တစွမ်းရည်မြင့်မားလာစေရန်အတွက် အထောက်အပံ့ကောင်း၊ သတိပြု ဆင်ခြင်ဖွယ်ကောင်းသည့် ပညာပေး ပုံပြင်ကလေးများဖြစ်သဖြင့် ကလေးများ အကြိုက်တွေ့စေမည့် အပြင် ကလေးမိဘတိုင်း လက်မလွှတ်သင့်သည့်စာအုပ် တစ်အုပ်ဖြစ်သည်။ တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။




## Essays for Students

တက္ကသိုလ်ဝင်တန်းနှင့် အဆင့်မြင့် ပညာရေးအတွက် အသုံးဝင် စေရန်နှင့် ကျောင်းသား ကျောင်းသူများ လွယ်ကူစွာ လေ့လာမှတ်သားနိုင်စေရန်အတွက် ရည်ရွယ်ရေးသားထားသည့် နေလင်းဝင်း၏ Essays for Students စာအုပ်ကို မဇ္ဈိမစာပေမှ ယခုရက်ပိုင်းအတွင်း ထုတ်ဝေ ထားသည်။ Essay အပုဒ်ပေါင်း ၁၆ ပုဒ်ပါဝင်ပြီး ကျောင်းသား တစ်ယောက်၏ တာဝန်များ၊ သဘာဝဘေးများ၊ ကြိုတင်ကာကွယ်ရေးနှင့် ပညာပေးဆိုင်ရာ အကြောင်းအရာများကို နမူနာပုံစံရေးသားပြသထားသည်။ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရှင်းလင်းလွယ်ကူစွာ ရေးသားထားသည်ကို တွေ့ရသည်။ ထို့ပြင် အင်္ဂလိပ်စာလုံးတစ်လုံးချင်းစီနှင့် အတွဲလိုက် စာလုံးများ၏ အဓိပ္ပာယ်ကိုလည်း ဖော်ပြထားသည်ကို တွေ့ရသည်။ စာအုပ်တန်ဖိုး ငွေကျပ် ၁၃၀၀ ဖြစ်သည်။




## IQ TESTS ဉာဏ်စမ်းအရုပ်ဆက်နည်းများ

ကလေးများအတွက် ဉာဏ်စမ်းပုစ္ဆာများနှင့် အတွေးအခေါ်ဆိုင်ရာ အရုပ်ဆက်ခြင်းများဖြင့် အရာရာကို မိမိကိုယ်ပိုင်ဉာဏ်၊ ထိုးထွင်းအသိစိတ်နှင့် လျှောက်လှမ်းနိုင်ကြစေရန်အတွက် ရည်ရွယ်ထုတ်ဝေသည့် စာအုပ်ဖြစ်သည်။ လွယ်ကူသည့် ပုစ္ဆာများအပြင် အနည်းငယ် စဉ်းစား တွေးခေါ်ရမည့် ပုစ္ဆာများပါ ပါဝင်ခြင်းကြောင့် လူငယ်များ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားပြီး ကြိုးစားအားထုတ်မှု ပိုမိုထက်သန်လာစေမည့် စာအုပ်ကောင်းကို ယခုလအတွင်း ဖြန့်ချိထားပြီး စာအုပ် တန်ဖိုးငွေကျပ် ၂၅၀၀ ဖြစ်သည်။




## ဝံပုလွေလေး ဂျိုဂျိုနှင့် အံ့ဖွယ်ပုံပြင်များ

နီတိနှင့် လောကဝတ်များနှင့် လိုက်နာဆင်ခြင်ဖွယ်၊ အတုယူဖွယ် လောကဝတ်များကို အသားပေး၍ ပုံပြင်လေးများ ပုံပြင်နှင့်အတူ ရုပ်ပြကာတွန်းရုပ်ပုံကလေးများကိုပါ ရိုက်နှိပ်ဖော်ပြထားသဖြင့် ကလေးများအတွက် စိတ်ဝင်စားဖွယ် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ပညာရှိ လိပ်ကလေး၊ အခြားလူတွေကို ကူညီပါ၊ တနင်္လာနေ့မနက်စသည့် ပုံပြင် ၁၈၀ ကျော် ပါဝင်သည်။ စာအုပ်၏ တန်ဖိုးမှာ ငွေကျပ် ၂၅၀၀ ဖြစ်ကြောင်း သိရသည်။



# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း နိုင်ငံအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်



နေပြည်တော် ဒီဇင်ဘာ ၇

စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ရောက်ရှိနေသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် Feria de Madrid ရှိ Exhibition Hall ၌ ကျင်းပသည့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် အလွှတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် United Nations Framework Convention on Climate Change – UNFCCC ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများမှ သက်ဆိုင်ရာ နိုင်ငံအလိုက် နိုင်ငံအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ လိုက်လျောညီထွေရှိရေးနှင့် ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် သတ်မှတ်လျာထားချက်များ၊ တွေ့ကြုံရမည့် အခက်အခဲများ၊ အခွင့်အလမ်းများ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်ဆိုင်ဖြေရှင်းရမည့် အခက်အခဲများနှင့် လုပ်ငန်းရန်ပုံငွေလိုအပ်ချက်များကို အလွှတ်သဘော ဆွေးနွေးခဲ့ကြသည်။

### ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရေး

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာနိုင်ငံသည် ၂၀၁၉ ခုနှစ် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ဘေးအန္တရာယ်ကျရောက်နိုင်ခြေ အညွှန်းကိန်းများအရ သဘာဝဘေးအန္တရာယ် ခံနိုင်မှုနည်းပါးသည့် နိုင်ငံများ အနက် တစ်နိုင်ငံဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် ရာသီဥတု ပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိရေးအတွက် အစိုးရမှ ဦးစားပေးဆောင်ရွက်လျက် ရှိကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံအဆင့် ရာသီဥတု ပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် ရည်မှန်းချက်များကို ကာဗွန်ထုတ်လွှတ်မှုလျော့နည်းပြီး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ် များကို ဦးစားပေးအသုံးပြုမည့် ပတ်ဝန်းကျင်ဆိုင်ရာ ဦးစားပေးအစီအစဉ်များ ဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရရှိမည်ဖြစ်ပြီး နိုင်ငံ၏ ရေသယံဇာတ၊ မြေသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရေးနှင့် ထိရောက်စွာအသုံးပြုနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ရာတွင် လက်တွေ့ကျပြီး ကမ္ဘာ့နိုင်ငံများအကြား အစဉ်ဖြစ်ပေါ်တိုးတက်ပြောင်းလဲနေမှုများနှင့် လိုက်လျောညီထွေရှိစေရေး နည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ပတ်ဝန်းကျင်ထိခိုက်မှုများ ပြန်လည်ထူထောင်နိုင်ရန်

ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာ့နိုင်ငံများအတွက် ကြီးမားသည့် စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်သော ရာသီဥတု အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ အကျိုးဆက်အနေဖြင့် နိုင်ငံ၏ လူမှုစီးပွားရေးအပေါ် ကြီးမားသည့် အကျိုးသက်ရောက်မှုများကို တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးမြင့်ခံစားနေရကြောင်း၊ အစိုးရအနေဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ပျက်စီးလွယ်သည့် သယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ပတ်ဝန်းကျင်ကို အထူးအလေးပေးထိန်းသိမ်းကာကွယ် လျက်ရှိကြောင်း၊ ထိုကဲ့သို့ ထိန်းသိမ်းကာကွယ်ရာတွင် နည်းပညာ၊ လုပ်ငန်း ရန်ပုံငွေလိုအပ်ချက်များမှာ အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ကြုံတွေ့နေရ ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုခိုင်မာမှုရှိစေရန်နှင့် နိုင်ငံအစိုးရ၏ ကတိကဝတ်ထားရှိမှုများ ပိုမိုထင်ရှားပြတ်သားစေရန်အတွက် ပတ်ဝန်းကျင် ဆိုင်ရာ မူဝါဒများ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေ များနှင့် မဟာဗျူဟာ စီမံကိန်းမူဘောင်များ၊ လုပ်ငန်းအစီအစဉ်များ ရေးဆွဲ ဆောင်ရွက်လျက်ရှိပြီး ပတ်ဝန်းကျင်ထိခိုက်မှုများ ပြန်လည်ထူထောင်နိုင်ရန် အတွက် ရန်ပုံငွေတစ်ရပ် Environmental Fund ထူထောင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

### ရေသယံဇာတများ ဆုံးရှုံးကွယ်ပျောက်မှုမှ ထိန်းသိမ်းကာကွယ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းတွင် Feria de Madrid ၌ ရာသီဥတုပြောင်းလဲမှုဆိုင်ရာများတွင် ပါဝင်ဆောင်ရွက်နေသော အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ပညာရေးအဖွဲ့အစည်းများမှ ဆောင်ရွက်နေသည့် လုပ်ငန်းများရှင်းလင်းတင်ပြသည့် ပြခန်းများ၊ ဂျပန်နိုင်ငံ၏ Ocean and Climate Change – Contribution of Space Technology ခေါင်းစဉ်ဖြင့်ကျင်းပသည့် မိတ်ဆက်စာတမ်းဖတ်ပွဲသို့ တက်ရောက်လေ့လာဆွေးနွေးခဲ့ပြီး **(အပေါ်ပုံ)** ဂျပန်နိုင်ငံ၏ ဟိုက်ဒရိုဂျင်စွမ်းအင်လောင်စာသုံး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက် သော မြို့ပြများဖော်ဆောင်ခြင်း Sustainable Smart Town (SST) Initiative နှင့်စပ်လျဉ်း၍ ခင်းကျင်းပြသထားမှု၊ ကုလသမဂ္ဂ UNFCCC Resilience Lab တွင် ကျင်းပပြုလုပ်သည့် ရာသီဥတုပြောင်းလဲမှုကြောင့် ရေသယံဇာတများ ဆုံးရှုံးကွယ်ပျောက်မှုမှ ထိန်းသိမ်းကာကွယ်ခြင်းနှင့် အနာဂတ်ကာလ လုံလောက်မှုရှိစေရေးအတွက် Water Resilience Frontiers: Pathways for Transformational Climate Resilient Water Securities in 2030 and Beyond ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဆွေးနွေးပွဲနှင့် အိန္ဒိယနိုင်ငံ၏ မြေယာ အဆင့်အတန်းလျှော့ချခြင်းမှ ထိန်းသိမ်းကာကွယ်ရန်အတွက် Land Degradation Neutrality ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲတို့ကို တက်ရောက်ခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၇

**မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု“စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority– NSSA) ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ) ၌ ကျင်းပသည်။**




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေး နှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ NSSA နှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးအဖွဲ့တို့မှ တာဝန် ရှိသူများ၊ ပုဂ္ဂလိကသင်တန်းကျောင်းများမှ ကိုယ်စားလှယ် များ၊ GIZ ၊ Swisscontact JICA ၊ အောင်မြင်မှု၊ PTTEP ၊ Lux Dev၊ ILO၊ IOM စသည့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း များ၊ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ရ ကျွမ်းကျင် လုပ်သားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် NSSA အနေဖြင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအဆင့်များကို အဆင့် လေးဆင့် ခွဲခြားသတ်မှတ်၍ ကျွမ်းကျင်မှုအဆင့်(၁)နှင့် (၂) တို့ကို စစ်ဆေးလျက်ရှိကြောင်း၊ အမျိုးသားအဆင့် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ရရှိပြီးသူ လုပ်သား များအနေဖြင့် မိမိတို့ အသိအမှတ်ပြုခံရသည့် ကျွမ်းကျင်မှု အဆင့်နှင့်အညီ လုပ်ဆောင်ရန်၊ NSSA က သတ်မှတ် ထားသည့်လုပ်ငန်းစဉ်၊ စည်းမျဉ်း၊ စည်းကမ်းများအတိုင်း လုပ်ငန်းခွင်တွင် ဆက်လက်အသုံးချရန်နှင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသော နည်းပညာများကို စဉ်ဆက် မပြတ် လေ့လာသင်ယူရန်လိုကြောင်း၊ သို့မှသာ မိမိတို့ လုပ်ငန်းခွင်အတွင်း အလေအလွင့်၊ အပျက်အစီးနည်းပါးပြီး အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်၍ အလုပ်ရှင်များ၏ ယုံကြည်ကိုးစားရသူများ ဖြစ်လာမည်ဖြစ်ကြောင်း၊ မိမိ ကျွမ်းကျင်မှုအပေါ် တန်ဖိုးထားပြီး လုပ်ငန်းခွင်အတွင်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကုန်ထုတ်စွမ်းအားမြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း၊ Globalization ဖြစ်စဉ်အရ စက်မှုနည်းပညာများ အရှိန်အဟုန်မြင့် ပြောင်းလဲနေခြင်းကြောင့် တိုးတက်ပြောင်းလဲနေသည့် နည်းပညာကို အမီလိုက်နိုင်ရေးနှင့် ခေတ်မီစက်ကိရိယာ များကို ကိုင်တွယ်အသုံးပြုနိုင်သည့် လူ့စွမ်းအားအရင်း အမြစ်များ မွေးထုတ်ရန်လိုကြောင်း၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်လာမှုနှင့်အမျှ လုပ်သားဈေးကွက် အတွင်း ကျွမ်းကျင်လုပ်သား လိုအပ်ချက်များပြားလာခြင်း ကြောင့် လုပ်သားဈေးကွက် လိုအပ်ချက်နှင့်ကိုက်ညီစေရေး၊ လုပ်ငန်းခွင်အတွင်းရှိ လုပ်သားများကို လေ့ကျင့်သင်ကြား ပေးရန်နှင့် အသက်မွေးမှုလမ်းကြောင်းအတွင်း တစ်ဆင့်ပြီး တစ်ဆင့် တက်လှမ်းနိုင်ရေး၊ အမျိုးသားအဆင့် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ရယူထားရန်လိုကြောင်းနှင့် အလုပ်ရှင်များကလည်း မိမိတို့လုပ်ငန်းများ ရေရှည် တည်တံ့ခိုင်မြဲပြီး အောင်မြင်မှုရရှိနိုင်စေရန် ကျွမ်းကျင် လုပ်သားများကို တန်ဖိုးထားစေလိုကြောင်း ပြောကြား သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီး ဒေါ်မိုးမိုးစုကြည်က အမှာစကားပြောကြားပြီး လုပ်သားကိုယ်စားလှယ် တစ်ဦးနှင့် အလုပ်ရှင်ကိုယ်စားလှယ်တစ်ဦးတို့က ကျေးဇူးတင်စကားပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် အောက်မြန်မာပြည်ရှိ ကျွမ်းကျင်လုပ်သားများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း စစ်ဆေးခဲ့သည့် အလုပ်အကိုင် ၁၈ မျိုးရှိ အရည်အချင်း ပြည့်မီသူ လုပ်သား ၁၂၈၁ ဦးကို အမျိုးသားအဆင့် ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပေးအပ်ခြင်း၊ အလုပ် အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန ၁၈ ခု၊ သင်တန်းကျောင်း သုံးခု၊ Inspector သုံးဦးနှင့် Assessor ၉၅ ဦးတို့ကို အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့သည်။

NSSA သည် စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ် စတင်ခဲ့သည့် ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ် နိုဝင်ဘာလကုန်အထိ အလုပ်အကိုင် ၂၃ မျိုးမှ အမျိုးသားအဆင့် ကျွမ်းကျင်မှု အဆင့်(၁) ၁၃၀၆၂ ဦးနှင့် ကျွမ်းကျင်မှုအဆင့်(၂) ၁၀၅၉ ဦး စုစုပေါင်း လုပ်သား ၁၄၁၂၁ ဦးကို အရည်အချင်းပြည့်မီ ကြောင်း စစ်ဆေးအကဲဖြတ်ပေးနိုင်ခဲ့သည်။

**သတင်းစဉ်**

# အနုပညာရပ်ဝန်း၌ ဗိုလ်ချုပ်ရုပ်ရှင်ရိုက်ကူးရန် ဆက်တင်အခမ်းအနားများ ပြင်ဆင်ဆောင်ရွက်

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ အနုပညာရပ်ဝန်း၌ ဗိုလ်ချုပ်ရုပ်ရှင်ရိုက်ကူးရန် ဆက်တင်အခမ်းအနားများ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အကယ်ဒမီ ဒါရိုက်တာ ဦးထွန်းအောင်ဇော်၊ ဒါရိုက်တာ ဦးအောင်ကျော်မင်းနှင့် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်တို့ကို တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်-

**အကယ်ဒမီဒါရိုက်တာ ဦးထွန်းအောင်ဇော်**

ဗိုလ်ချုပ်ရုပ်ရှင် ရိုက်ကူးရေးအတွက် ကိုလူမင်း ရိုက်ကူးတဲ့နေရာမှာ ကျွန်တော်က တတ်နိုင်တဲ့ဘက်က လုပ်ပေးနေတာပါ။ ကိုလူမင်း ချောင်းသာမှာ သွားရိုက်နေတုန်း ကျွန်တော်က ဒီဘက်ကနေ ဆက်တင်အခမ်းအနားတွေကို ကြိုလုပ်ပေးထားပါတယ်။ ဘာဆက်တင်လဲဆိုတော့ စစ်ဆေးရေးဂိတ်တစ်ခု၊ ဗိုလ်ချုပ်တို့ တရုတ်ပြည်မှာနေတဲ့ ကိုးယောက်၊ နောက် ကူညီပေးတာက မြဝတီ ရုပ်/ သံက ဗိုလ်မှူး အောင်ကျော်မင်း (အငြိမ်းစား)နဲ့ အဓိကအကူအညီပေးတာက ဦးသိန်းနိုင်ပါ။ သူလုပ်နိုင်တဲ့ ဘောင်ထဲကနေ သူတတ်နိုင်တာကို အကူအညီပေးတော့ အဆင်ပြေပါတယ်။ ဒီအဆောက်အဦကြီးကို တရုတ်ပြည် ကူလန်စုက တရုတ်တန်းပုံစံ ဖြစ်အောင် အဲဒီလို မွမ်းမံနေတာပါ။

ဒီမှာရိုက်မှာက ဗိုလ်ချုပ်တို့ အမွိုင် ဆိပ်ကမ်းကနေ တရုတ်ပြည်ကို ရောက်လာမယ့်အခန်း၊ ဂျပန်က အကူအညီပေးဖို့ ဗိုလ်ချုပ်တို့နဲ့ ဒီမှာတွေ့ပြီး ဘယ်ကိုပို့ကြမယ်ဆိုပြီး ဆွေးနွေးကြမယ့်အခန်း၊ တကယ့်ဇာတ်သဘောအရ ပြောရရင် ဗိုလ်ချုပ်က နေမကောင်းဘူး၊ သခင်လှမြိုင်က ဆန်ပြုတ်ကို



ဗိုလ်ချုပ်ရုပ်ရှင်ရိုက်ကူးရန်အတွက် ရန်ကုန်ရုပ်ရှင်အဆင့်မြှင့်တင်ရေးဌာနခွဲရှိ အနုပညာရပ်ဝန်း၌ ဆက်တင်အခမ်းအနားများ ပြင်ဆင်နေမှုကို တွေ့ရစဉ်။

အခန်းလေးတစ်ခုနဲ့ တရုတ်ပြည် ကူလန်စုက လမ်းတစ်ခု လုပ်ဖို့အတွက် ပြင်ဆင်နေတာပါ။ နေရာရွေးတဲ့အခါ ရုပ်ရှင်မြှင့်တင်ရေးကို ရွေးလိုက်ပါတယ်။ ရုပ်ရှင်မြှင့်တင်ရေးက ကျွန်တော်တို့ ရုပ်ရှင်သမားတွေအတွက် အများကြီး အကူအညီပေးနိုင်တယ်၊ ရိုက်တဲ့အခါမှာလည်း အသံတွေက ဆူညံခြင်းမရှိတဲ့အတွက် ဒီနေရာကို ရွေးလိုက်တာပါ။ ကျွန်တော် ဒီဆက်တင်တွေကို စလုပ်နေတာ နိုဝင်ဘာ ၂၂ ရက်က ချင်းချောင်းခြံမှာ လုပ်တယ်၊ ဒီမှာ ၂၄ ရက်နေ့က စလုပ်တယ်။

ဒီမှာ ဆက်တင်လုပ်တဲ့အခါမှာ နီးစပ်ရာတူတဲ့ ပုံစံတစ်ခုကိုလုပ်ရတဲ့အတွက် သံပန်းအဖွဲ့က လေးယောက်၊ ဆက်တင်အဖွဲ့က ချိုင့်လေးနဲ့ ဝယ်လာတယ်။ တရုတ်ကလေးတွေ စာသင်နေတာ၊ တရုတ်လူမျိုးတွေ ဈေးဝယ်သွားလာနေတာ၊ ဒီမှာ အပေါင်ဆိုင်ရှိမယ်၊ အရက်ဆိုင်ရှိမယ်၊ ပရဆေးဆိုင်ရှိမယ်၊ အဲဒါတွေရယ် ကူလန်စုမှာနေထိုင်ကြတဲ့ လူမျိုးတွေ ဒါတွေ အားလုံးပါအောင် ထပ်ဖြည့်ရမှာပါ။ လူအင်အားလည်း တော်တော်သုံးရမယ်။

ဗိုလ်ချုပ်တရားဟောပြီး သူ့ကို လိုက်ဖမ်းလို့ ထွက်ပြေးတိမ်းရှောင်တဲ့အခါ မေရီလှတောက လိုက်ပြီး ဗိုလ်ချုပ်တို့ကို လွတ်အောင် လုပ်ပေးတဲ့အခန်း၊ အဲဒီမှာ ဂိတ်စခန်းတစ်ခုကို ဖြတ်ရမယ်၊ အဲဒီမှာ ဗိုလ်ချုပ်တို့ လွတ်သွားမယ်၊ ကူညီလိုက်တဲ့ မေရီလှတော အကြောင်းလေးပါ။ မေရီလှတော နေရာမှာ မိုးဟေကို



**အကယ်ဒမီ ဒါရိုက်တာ ဦးထွန်းအောင်ဇော်**



**ဒါရိုက်တာ ဦးအောင်ကျော်မင်း**



**ဦးသိန်းနိုင်(ညွှန်ကြားရေးမှူး) ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ**

သရုပ်ဆောင်မယ်လို့ပြောပါတယ်။ စတူဒီယို(၂)မှာ ဗိုလ်ချုပ်နေမကောင်းတဲ့အခန်း၊ တရုတ်ပြည် ကူလန်စုက အိမ်ကလေးထဲမှာနေရတဲ့အချိန် ဂျပန်တွေ ရောက်လာပြီး ဗိုလ်ချုပ်ကို ခေါ်သွားမယ်။ အဲဒီအတွက် အဲဒီအခန်းလေး ပြင်ထားတယ်။

ကိုလူမင်းနဲ့အတူ တာဝန်ယူပေးတာက ဇာတ်လမ်းအစမှာ ကိုလူမင်းက ဗိုလ်မင်းရောင်အနေနဲ့ နတ်မောက်မြို့မှာ ဗိုလ်ချုပ်တို့ မျိုးရိုးအစဉ်အဆက်ကို ပြချင်တဲ့အတွက် ရိုက်ပါတယ်။ ဆင်၊ မြင်းတွေနဲ့အတူ ရိုက်ချင်တယ်ဆိုတော့ ကျွန်တော်က အဲဒီအပိုင်းမှာ ကျွမ်းကျင်တယ်၊ ကျွန်တော်က အဲဒါကို စီစဉ်တာ ပြီးသွားပေမယ့် ရိုက်မယ့်အစီအစဉ်အရ ရုပ်ရှင်ဆက်တင်တွေကို ကျွန်တော်က ကြိုတင်ပြင်ဆင်ပေးနေတာပါ။ ကိုလူမင်း ပြောတာတော့ ရိုက်ကူးတာ လေးပုံတစ်ပုံလောက် ပြီးပြီလို့ ပြောပါတယ်။ ဒါပေမယ့် ပြီးရင်ဘာတွေလိုအပ်လဲ ကျွန်တော်တို့ ပြန်ကြည့်ရဦးမယ်။ ကျွန်တော်တို့ ဒီရုပ်ရှင်ရိုက်ကွင်းကို ဒီမှာ ၁၄ ရက်နောက်ပိုင်း ရိုက်ဖြစ်မယ်လို့ လျာထားပါတယ်။

**ဒါရိုက်တာ ဦးအောင်ကျော်မင်း**

ကျွန်တော်က ဗိုလ်ချုပ်ရုပ်ရှင်မှာ အကယ်ဒမီဒါရိုက်တာ ဦးထွန်းအောင်ဇော်နဲ့ တွဲဖက်ပြီး လူအင်အားသုံး ရိုက်ရမယ့် ရိုက်ကွင်းတစ်ခုအတွက် တာဝန်ယူရမယ့် အပိုင်းဖြစ်ပါတယ်။ ဒီနေ့ပြင်ဆင်နေတာက ကူလန်စုနဲ့ ပတ်သက်ပြီး အဲဒီခေတ်၊ အဲဒီအချိန်အခါက ဗိုလ်ချုပ်တို့ ဘယ်လိုနေထိုင်သွားလာခဲ့တယ်ဆိုတဲ့ သူတို့ရဲ့ဘဝကို ဘယ်လောက်အထိ မြှုပ်နှံရင်းနှီးခဲ့သလဲဆိုတာကို ပေါ်လွင်ထင်ရှားစေတဲ့၊ အမှတ်ရစေတဲ့ အဆောက်အဦပုံစံလေးတွေကို ဦးထွန်းအောင်ဇော်နဲ့ တွဲဖက်ပြီး ဝိုင်းဝန်းအကြံပြုဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒါ့အပြင် ဝတ်စုံကိစ္စတွေ၊ ဖိနပ်၊ ယူနီဖောင်း စတာတွေကို ဝိုင်းကူပြီး လုပ်ပေးနေတာပါ။ ဒီဇာတ်ကားမှာ မြန်မာနိုင်ငံက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ နေလာခဲ့တာ၊ တိုင်းရင်းသားပေါင်းစုံကနေပြီး သူ့ကျွန်မခံလိုတဲ့ စိတ်ဓာတ်နဲ့ နယ်ပယ်အသီးသီးကနေ နယ်ချဲ့အင်္ဂလိပ်ကို တွန်းလှန်ခဲ့တယ်ဆိုတာကို ရိုက်ကူးမှာပါ။ ဒီကားကနေ တိုင်းချစ်ပြည်ချစ်စိတ်နဲ့ ဗိုလ်ချုပ်ကဲ့သို့သော တိုင်းပြည်ကိုချစ်မြတ်နိုးတဲ့ ခေါင်းဆောင်ကောင်းတွေ အများကြီးပေါ်ထွက်လာလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ အများကြီးမျှော်လင့်ပါတယ်။

ဗိုလ်ချုပ် ရုပ်ရှင်အတွက် ရိုက်ကူးမယ့်နေရာနဲ့ ဆက်တင်ဆောက်ဖို့ လိုက်ရှာတဲ့အခါ ဒီရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အနုပညာရပ်ဝန်းကို လုပ်ခွင့်ရလိုက်တာက အားသာချက်တစ်ခုပါပဲ။ အချိန်တိုအတွင်းမှာ အများကြီး ကျွန်တော်တို့ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် လုပ်ဆောင်နိုင်တယ်။ ဒီဗိုလ်ချုပ်ရုပ်ရှင် ရိုက်ကွင်းနေရာတွေ၊ ဆက်တင်တွေနဲ့ ပတ်သက်ပြီးတော့ ဒီမှာအခကြေးငွေ မယူဘဲ ဗိုလ်ချုပ်ရုပ်ရှင်အတွက် ပြန်ကြားရေးက ပံ့ပိုးကူညီမှုတွေ အများကြီးလုပ်ပေးပါတယ်။

**ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ**
**ညွှန်ကြားရေးမှူး ဦးသိန်းနိုင်**

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဗိုလ်ချုပ်ရုပ်ရှင်အတွက် ကူညီပေးတဲ့အပိုင်းမှာ အဲဒီခေတ်ကသုံးခဲ့တဲ့ မိုက်ခရိုဖုန်းကအစ လိုအပ်တာတွေကို ဌာနမှာရှိတဲ့အရာတွေ အားလုံးနဲ့ ကူညီပေးပါတယ်။ ဖလင်ပိဋကတ်တိုက်မှာရှိတဲ့ ဗိုလ်ချုပ်ရုပ်ရှင်နဲ့ပတ်သက်တဲ့ မှတ်တမ်းတွေ ရှိတယ်။ အဲဒီမှတ်တမ်းတွေကို အသုံးပြုဖို့အတွက် အကူအညီပေးတယ်။ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲက အနုပညာရပ်ဝန်းမှာ ရုပ်ရှင်ဇာတ်ကားတွေ ရိုက်ကူးဖို့အတွက် စီစဉ်ပေးတယ်။ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူထားသလို ဗိုလ်ချုပ်ရုပ်ရှင်ဟာ သမိုင်းမှတ်တိုင်တစ်ခုဖြစ်တဲ့အတွက် အကူအညီပေးနေပါတယ်။

ဒီမှာ ရုပ်ရှင်စတူဒီယို ၁၊ ၂၊ ၃ ရှိတယ်။ စတူဒီယို (၂)မှာ ဗိုလ်ချုပ်ရုပ်ရှင် ရိုက်ဖို့အတွက် ဆက်တင်လုပ်နေတယ်။ ဝင်းအတွင်းမှာလည်း ဆက်တင်တွေ လုပ်နေတယ်။ အခုဇာတ်ကားက ပြည်ပကို သွားရိုက်ဖို့ အခက်အခဲရှိတဲ့အတွက် ပြည်ပနိုင်ငံနဲ့တူတဲ့ နေရာကိုရှာပြီး ဒီမှာရိုက်မယ်ဆိုပြီး ကမ်းလှမ်းလာတဲ့အတွက် အတတ်နိုင်ဆုံး ဝန်ထမ်းအားလုံး ကူညီပေးတဲ့အပိုင်းပါပဲ။ ဒီနေ့ အနုပညာရပ်ဝန်းမှာရှိတဲ့ စတူဒီယိုအားလုံးနဲ့ ရုပ်ရှင်အနုပညာ ရပ်ဝန်းအတွင်းမှာ ရုပ်ရှင်ရိုက်ကူးရေးတွေနဲ့ ပြည့်ပြီး စည်ကားလျက်ရှိပါတယ်။

နိုင်ငံတော်အကြီးအကဲတွေနဲ့ ပြန်ကြားရေးဝန်ကြီးဌာနတို့ရဲ့ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လမ်းညွှန်မှုတွေအပေါ် လိုအပ်မှုအားလုံးကို ဖြည့်ဆည်းမပေးနိုင်ပေမယ့် အတိုင်းအတာတစ်ခုအထိ ဌာနအနေနဲ့ ကူညီဆောင်ရွက်ပေးနေပါတယ်။ ရုပ်ရှင်သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ရုပ်ရှင်ကားတွေကို ပြန်လည်သုံးသပ်မှုပြုလုပ်တဲ့ အပိုင်းတွေလည်း ဒီမှာလုပ်တာ ရှိပါတယ်။ ရုပ်ရှင်နှစ် ၁၀၀ ပြည့်အတွက် ပြည်ပမှာရှိတဲ့ ဇာတ်ကားတွေကိုလည်း ပြန်လည်စုဆောင်းနေတာရှိပါတယ်။ နိုင်ငံတကာက လာရောက်တဲ့ ရိုက်ကူးရေးတွေအတွက်လည်း ဆောင်ရွက်ပေးနေပါတယ်။

**သတင်း - ရီရီမြင့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# MEGA ACE မှ Cineplex–Royal Class အဆင့်မြင့်ရုပ်ရှင်ရုံသစ် ရန်ကုန်မြို့ Times City တွင်ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၈**

MEGA ACE ကုမ္ပဏီမှ Cineplex–Royal Class အဆင့်မြင့်ရုပ်ရှင်ရုံသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၇ ရက် ညပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် Times City ၌ ကျင်းပသည်။

ယနေ့ MEGA ACE မှ အသစ်ထပ်မံဖွင့်လှစ်သည့် Cineplex–Royal Class အဆင့်မြင့်ရုပ်ရှင်ရုံတွင် ရုပ်ရှင်ကြည့်ရှုသူများအနေဖြင့် နိုင်ငံတကာအဆင့်မီအရုပ်၊ အသံအရည်အသွေးမြင့် ရုပ်ရှင်အတွေ့အကြုံကို အဆင့်မြင့်ဝန်ဆောင်မှုများဖြင့် ကျေနပ်ပျော်ရွှင်စွာ ကြည့်ရှုခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအဆင့်မြင့် ရုပ်ရှင်ရုံတွင် မြန်မာရုပ်ရှင်ဇာတ်ကားနှင့် နိုင်ငံခြားရုပ်ရှင် ဇာတ်ကားများ ပြသသွားမည်ဖြစ်ပြီး ပွဲစဉ်များအနေဖြင့် နံနက် ၁၀ နာရီမှ ည ၈ နာရီခွဲအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

MEGA ACE မှ ရန်ကုန်နှင့် အခြားမြို့နယ်များတွင် ရုပ်ရှင်ရုံများ ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် ကိုးရုံ၊ ပိတ်ကားပေါင်း ၂၃ ခုကို အောင်မြင်စွာဖွင့်လှစ်ပြသလျက်ရှိသည့်အပြင် နိုင်ငံတကာအဆင့်မီ ရုပ်ရှင်ရုံသစ်များကိုလည်း ထပ်မံတိုးချဲ့ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ရုပ်ရှင်ရုံသစ်တွင် ရုပ်ရှင်ဇာတ်ကားများ နမူနာပြသမှုကို ကြည့်ရှုကြသည်။

မြန်မာ့ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်မှုမှာ ၂၀၁၄ ခုနှစ်တွင် ဇာတ်ကား ကိုးကားသာ ထုတ်နိုင်ခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၃၂ ကား၊ ၂၀၁၆ ခုနှစ်တွင် ၉၈ ကား၊ ၂၀၁၇ ခုနှစ်တွင် ၁၅၈ ကား၊ ၂၀၁၈ ခုနှစ်တွင် ၁၃၃ ကားနှင့် ၂၀၁၉ ခုနှစ်တွင် ယနေ့အထိ ၉၄ ကားအထိ တိုးတက်ထုတ်လုပ်လာနိုင်ခဲ့သည်။

မြန်မာတစ်နိုင်ငံလုံး၌ ၂၀၁၃ ခုနှစ်တွင် ရုပ်ရှင်ရုံ ၁၉ ရုံ၊ ပိတ်ကား ၁၉ ခုရှိခဲ့ရာမှ ယခုအခါ ရုပ်ရှင်ရုံ ၁၇၁ ရုံ၊ ပိတ်ကား ၁၉၅ ခုအထိ တိုးတက်ဖွင့်လှစ်လာနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ–မင်းသစ်(MNA)**




Cineplex–Royal Class အဆင့်မြင့်ရုပ်ရှင်ရုံသစ်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ဓာတ်အားခွဲရုံနှင့် ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်း-ပိုးယဉ်စု ဓာတ်အားခွဲရုံ ဖွင့်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက 33/11 kV, 5 MVA လက်ခုပ်ကုန်း-ပိုးယဉ်စုဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၇**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် ကော့မှူးမြို့နယ်ရှိ ဝါးဘလောက်သောက်ဓာတ်အားခွဲရုံနှင့် ကွမ်းခြံကုန်းမြို့နယ်ရှိ လက်ခုပ်ကုန်း-ပိုးယဉ်စု ဓာတ်အားခွဲရုံတို့၏ ဖွင့်ပွဲအခမ်းအနားများကို ယနေ့တွင် အဆိုပါဓာတ်အားခွဲရုံများ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်များအတွင်းရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးရန်အတွက် 33/11 kV, 5 MVA ဝါးဘလောက်သောက် ဓာတ်အားခွဲရုံနှင့် လက်ခုပ်ကုန်း-ပိုးယဉ်စု ဓာတ်အားခွဲရုံတို့အား ဖွင့်လှစ်နိုင်ခဲ့ခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက မကြာမီကျင်းပတော့မည့် နိုင်ငံတော်ဓာတ်အားစနစ်မှ တစ်နိုင်ငံလုံး ဓာတ်အားသုံးစွဲမှု ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသည့်အနေဖြင့် ယနေ့တွင် 33/11 kV, 5 MVA ဓာတ်အားခွဲရုံများဖြစ်သည့် ဝါးဘလောက်သောက် ဓာတ်အားခွဲရုံနှင့် လက်ခုပ်ကုန်း-ပိုးယဉ်စုဓာတ်အားခွဲရုံများအား ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်စေရေးနှင့် လျှပ်စစ်မီး တိုးတက်ရရှိရေးတို့ကို ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း အမျိုးသားလျှပ်စစ်နှင့် စွမ်းအင်မူဝါဒနှင့်အညီ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ လိုအပ်ချက်များကို စဉ်ဆက်မပြတ် ဖြည့်ဆည်းနိုင်ရေးတို့အတွက် လျှပ်စစ်ကဏ္ဍတွင် ရေအားစွမ်းအင်၊ အပူစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်ကဲ့သို့သော စွမ်းအင်အရင်းအမြစ်မျိုးစုံကို အသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ဖွင့်လှစ်နိုင်ခဲ့သည့် ဓာတ်အားခွဲရုံများကြောင့် ကော့မှူးမြို့နယ်မှာ ကျေးရွာပေါင်း ၂၀၊ အိမ်ထောင်စု ၃၉၀၀ ခန့်နှင့် လက်ခုပ်ကုန်းမြို့နယ်မှာ ကျေးရွာပေါင်း ၉ ရွာ၊ အိမ်ထောင်စုပေါင်း ၂၂၀၀ ခန့် ဓာတ်အားစနစ်မှ တည်ငြိမ်သော လျှပ်စစ်ဓာတ်အားကို ထပ်မံသုံးစွဲခွင့် အကျိုးကျေးဇူးများကို ရရှိသွားပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဆွေဝင်းနှင့် လက်ခုပ်ကုန်းမြို့ ကျေးရွာရပ်မိရပ်ဖ ဦးမြင့်သန်းတို့က ဓာတ်အားခွဲရုံများ ဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားသည်။

ယင်းနောက် 33/11 kV, 5 MVA ဝါးဘလောက်သောက် ဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနား မုခ်ဦးအား တိုင်းဒေသကြီး လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ဒုတိယ ရှေ့နေချုပ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေဝင်း၊ တိုင်းဒေသကြီးအမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာအေး၊ အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ 33/11 kV, 5 MVA ဝါးဘလောက်သောက် ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနား ကမ္ပည်းကျောက်စာမော်ကွန်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကာ ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် 33/11 kV, 5 MVA လက်ခုပ်ကုန်း-ပိုးယဉ်စုဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားမုခ်ဦးအား တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ်၊ အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ဓာတ်အားခွဲရုံ၏ ကမ္ပည်းကျောက်စာမော်ကွန်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကာ ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# NRPC မှ တာဝန်ရှိသူများနှင့် AGIPP အဖွဲ့ဝင်များ တွေ့ဆုံ



NRPC မှတာဝန်ရှိသူများနှင့် AGIPP အဖွဲ့ဝင်များ တွေ့ဆုံစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၇**

အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)မှ တာဝန်ရှိသူများနှင့် ငြိမ်းချမ်းရေးအတွက် ကျား-မ တန်းတူရေး မဟာမိတ်အဖွဲ့ (AGIPP) မှ အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) တွင် တွေ့ဆုံသည်။

ယနေ့တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင် ဦးမိုးဇော်ဦး၊ ငြိမ်းချမ်းရေးကော်မရှင် အထောက်အကူပြုအဖွဲ့ ခေါင်းဆောင် ဦးအေးလွင်၊ ငြိမ်းချမ်းရေးကော်မရှင် အထောက်အကူပြု အဖွဲ့ဝင် ဦးမောင်မောင်အေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ငြိမ်းချမ်းရေးအတွက် ကျား-မ တန်းတူရေး မဟာမိတ်အဖွဲ့ (AGIPP)မှ ဥက္ကဋ္ဌ ဒေါ်မေစံပယ်ဖြူနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် နန်းဖြူဖြူလင်း၊ နန်းပု၊ ဒေါ်သန္တာဦး၊ မိချယ်ရီစိုး၊ ဘန်ဆိုင်းဘူ၊ ဦးမင်းသူရနှင့် ဦးကျော်မင်းအောင်တို့တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် AGIPP မှ ကလေးသူငယ်၊ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးကာ အကြံပြုချက်များ တင်ပြခဲ့ပြီး NRPC မှ တာဝန်ရှိသူများက အကြံပြုတင်ပြချက်များနှင့် ပတ်သက်၍ ပွင့်ပွင့်လင်းလင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံ ဆွေးနွေးခဲ့သည့် အကြောင်းအရာများနှင့် ပတ်သက်၍ AGIPP ဥက္ကဋ္ဌ ဒေါ်မေစံပယ်ဖြူက "နေရပ်စွန့်ခွာသူတွေ နေရပ်ပြန်နိုင်ရေးနဲ့ နေရာပြန်လည်ချထားရေးကိစ္စတွေနဲ့ ပတ်သက်တဲ့ စိုးရိမ်ပူပန်မှုတွေ၊ လက်ရှိနိုင်ငံတော်အစိုးရက ရေးဆွဲအတည်ပြုထားတဲ့ မဟာဗျူဟာအပေါ် အကြံပြုချင်တဲ့ အကြံပြုချက်တွေကို လာရောက်တင်ပြတာပါ။ နောက်တစ်ချက်က ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေနဲ့ ပတ်သက်ပြီး ကြုံနေရတဲ့ စိန်ခေါ်မှုတွေနဲ့ အခက်အခဲတွေကို နိုင်ငံတော်အစိုးရအနေနဲ့ ဘယ်လိုကူညီဆောင်ရွက်ပေးနိုင်မလဲဆိုတဲ့ အကြံပြုချက်တွေကို အဓိကတင်ပြခဲ့ပြီး အကြံပြုချက်တွေ တောင်းခံခဲ့တာလည်း ရှိပါတယ်။ တာဝန်ရှိသူတွေကလည်း အဲဒီအရာတွေနဲ့ ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးသွားတာ ရှိပါတယ်" ဟု ပြောသည်။

ငြိမ်းချမ်းရေးအတွက် ကျား-မ တန်းတူရေးမဟာမိတ်အဖွဲ့ (AGIPP) ကို ၂၀၁၄ ခုနှစ် ဩဂုတ်တွင် စတင်တည်ထောင်ခဲ့ပြီး မဟာမိတ်အဖွဲ့ဝင်များအဖြစ် အေးချမ်းမြန်မာအင်စတီကျူ(GDI)၊ ကျား၊ မရေးရာ တန်းတူညီမျှရေးကွန်ရက်(GEN)၊ ကချင်ပြည်နယ် အမျိုးသမီးများကွန်ရက် (KSWN) ၊ မွန်အမျိုးသမီးများကွန်ရက်(MWN)၊ ငြိမ်းဖောင်ဒေးရှင်း၊ အမျိုးသမီးအဖွဲ့များကွန်ရက် (WON)၊ အမျိုးသမီးနှင့် ငြိမ်းချမ်းရေးလှုပ်ရှားမှုကွန်ရက် (WAPAN) တို့ ပါဝင်သည်။

**ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာ ၁၀ ရွာ မဟာဓာတ်အားလိုင်းမှ မီးစတင်ရရှိ

**ကျောက်ဖြူ ဒီဇင်ဘာ ၇**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ယခုဘဏ္ဍာနှစ်အတွင်း ကျေးရွာပေါင်း ၁၀ ရွာကို မဟာဓာတ်အားလိုင်းမှ တစ်ဆင့် လျှပ်စစ်မီးများ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

ထိုကျေးရွာများသို့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးချမ်းမြေ့အောင်နှင့် လျှပ်စစ်ဝန်ထမ်းများက ကွင်းဆင်းပြီး လျှပ်စစ်ပညာပေးလုပ်ငန်းများကိုလည်း ပြုလုပ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

"ပြည်သူတွေကို လျှပ်စစ်နဲ့ပတ်သက်ပြီး အသိပညာပေးနေပါတယ်။ အခက်အခဲဖြစ်လာမယ်ဆိုရင် ဝန်ထမ်းတွေနဲ့ဆက်သွယ်ပြီး ဆောင်ရွက်ဖို့လိုသလို အန္တရာယ်ကင်းအောင် သိထားဖို့ ပညာပေးခဲ့ပါတယ်။ လက်ကမ်းစာစောင်တွေလည်း ဖြန့်ဝေပေးထားပါတယ်" ဟု မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးချမ်းမြေ့အောင်က ပြောကြားသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

**❊ ကျောဖုံးမှ**

မြန်မာအသင်းအနေဖြင့် ပွဲချိန်ပြည့် အာရုံစူးစိုက်မှုအပြည့်ဖြင့် ကစားနိုင်ရန် လိုအပ်နေသည်။ မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း သည် အုပ်စုအဖွင့်ပွဲတွင် တွေ့ဆုံစဉ်က ဂိုးမရှိသရေကျခဲ့ပြီး ဆီမီးဖိုင်နယ်တွင် မြန်မာအသင်းက ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဖိလစ်ပိုင်အသင်းက ဗီယက်နမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်ခြောက်ခု ရရှိထားပြီး ခုနစ်ခုမြောက် ကြေးတံဆိပ်အတွက် ကြိုးပမ်းရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ပဲခူးမြို့တွင် လူသတ်ပြီး ပစ္စည်းများယူဆောင်သွားသူ နှစ်ဦးအား အမှုဖွင့်အရေးယူထား

နေပြည်တော် ဒီဇင်ဘာ ၇

**ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် လူသတ်ပြီးပစ္စည်းများ ယူဆောင်သွားသူ နှစ်ဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ပဲခူးမြို့ သနပ်ပင်တန်းရပ်ကွက်နေ ဦးဝင်းထွဋ်(၅၂ နှစ်)သည် ဒီဇင်ဘာ ၅ ရက် နံနက် ၁၁ နာရီက နေအိမ်မှ အင်းတကော်မြို့ တောင်ကြီးကွဲကျေးရွာရှိ ၎င်း၏ခြံသို့ မော်တော်ယာဉ်ဖြင့် တစ်ဦးတည်းထွက်ခွာသွားရာမှ ပြန်လည်ရောက်ရှိလာခြင်း မရှိသဖြင့် ပဲခူးမြို့မရဲစခန်း၌ လူပျောက်အမှတ်စဉ်(၇၅/၂၀၁၉)ဖြင့် ရေးဖွင့်စုံစမ်းခဲ့ရာ ဒီဇင်ဘာ ၆ ရက် နံနက် ၅ နာရီခန့်တွင် အဆိုပါခြံစောင့်တဲ၏ အနောက်ဘက် ပေ ၂၀၀ ခန့်အကွာ ဖွဲပြာပုံအနီး၌ ဦးဝင်းထွဋ်အား ဦးခေါင်းနောက်စေ့၊ မျက်နှာ၊ ရင်ဘတ်ပေါက်ပြဲပွန်းပဲ့ဒဏ်ရာများဖြင့် သေဆုံးနေပြီး ၎င်းဝတ်ဆင်ထားသည့် ပတ္တမြားလက်စွပ် တစ်ကွင်း(တန်ဖိုးငွေကျပ်သိန်း ၅၀)၊ I Phone 10 (တန်ဖိုးငွေကျပ် ၁၈ သိန်း)၊ Samsung ဖုန်းတစ်လုံး (တန်ဖိုးငွေကျပ်ခြောက်သိန်း)၊ လက်ပတ်နာရီတစ်လုံး (တန်ဖိုး ငွေကျပ် ရှစ်သိန်း) နှင့် Land Cruiser ယာဉ်မှာ ပျောက်ဆုံးနေကြောင်း တွေ့ရှိရသည်။

### ဖမ်းဆီးရမိ

ရဲတပ်ဖွဲ့မှ အမှုအား စုံစမ်းစစ်ဆေးခဲ့ရာ အဆိုပါခြံ၌ တပ်ဆင်ထားသည့် CCTV မှတ်တမ်းအရ ခြံစောင့်ဖြစ်သူ အေးဇော်ထွန်း (၂၃ နှစ်)အား တုတ်တစ်ချောင်းကိုင်ဆောင်လျက် ခြံအတွင်း မသင်္ကာဖွယ် တွေ့ရှိရကြောင်းနှင့် သေဆုံးသူ၏ မော်တော်ယာဉ်မှာ ထောက်ကြံ့တိုးဂိတ်နှင့် သာယာဝတီတိုးဂိတ်များအား ဖြတ်သန်းမောင်းနှင်သွားကြောင်း သိရှိရသဖြင့် လိုက်လံစုံစမ်းရှာဖွေရာ ဒီဇင်ဘာ ၆ ရက် ညနေ ၅ နာရီခွဲတွင် ကြို့ပင်ကောက်မြို့နယ် သပြုပင်ကျေးရွာအနီး၌ အေးဇော်ထွန်းအား မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



တရားခံ အေးဇော်ထွန်းနှင့် တရားခံ စန်းမျိုးထွန်း

### အရေးယူဆောင်ရွက်

ပြစ်မှုကျူးလွန်သူ အေးဇော်ထွန်းအား စစ်မေးရာ ၎င်းသည် လွန်ခဲ့သော တစ်ပတ်ခန့်က ဦးဝင်းထွဋ်၏ခြံတွင် အစောင့်အဖြစ် လုပ်ကိုင်ခဲ့ကြောင်း၊ အခင်းဖြစ်သည့်နေ့ ဦးဝင်းထွဋ် ခြံသို့ ရောက်ရှိလာခဲ့စဉ် ယခင်ခြံစောင့်လုပ်ကိုင်သူ ၎င်း၏ အစ်ကိုဝမ်းကွဲ စန်းမျိုးထွန်းပါ နှစ်ဦးတို့နှင့် စကားများ ရန်ဖြစ်နေစဉ် ၎င်းက သစ်သားတုတ်ဖြင့် ရိုက်နှက်ခဲ့၍ သေဆုံးသွားကြောင်း၊ ၎င်းနောက် သေဆုံးသူ၏ ပတ္တမြားလက်စွပ်၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် မော်တော်ယာဉ်တို့အား ယူဆောင်၍ ကြို့ပင်ကောက်မြို့ဘက်သို့ ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် သက်သေခံပစ္စည်းများအား သိမ်းဆည်းကာ အမှုအား အင်းတကော် နယ်မြေရဲစခန်းက အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# ဘုတလင်မြို့နယ်မှ သားအမိနှစ်ဦးအား သတ်ခဲ့သည့် ပြစ်မှုကျူးလွန်သူကို ၃၆ နာရီအတွင်း ဖမ်းဆီးရမိ

ဘုတလင် ဒီဇင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် လွဲတဲကျေးရွာအုပ်စု မြောက်တောကြီးကျေးရွာအနီး ညောင်ပင်ကြီးတောတိုက်ရှိ ကွမ်းခြံအတွင်း၌ ဒီဇင်ဘာ ၅ ရက်က သားအမိနှစ်ဦးအား သတ်ခဲ့သူကို ၃၆ နာရီအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်မြင့်လွင်နှင့် ရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာပတ်ဝန်းကျင်သို့ သွားရောက်စုံစမ်းခဲ့ရာ အခင်းဖြစ်ပွား သည့် ပတ်ဝန်းကျင်အနီး ဆိတ်ကျောင်းနေသူနှစ်ဦး၏ ပြောပြချက်အရ ရွာရှည်(မြောက်)ကျေးရွာမှ ဦးလှမင်းသည် အခင်းဖြစ် ကွမ်းခြံအနီးတဲအတွင်းမှ ရေပိုက်ပျော့များကို ယူဆောင်ပြီး ကွမ်းခြံဘက်မှ ဖြတ်လာသည်ကို တွေ့မြင်ခဲ့ကြောင်း သတင်းရရှိသဖြင့် အခင်းဖြစ်နေရာသို့ ဝင်ထွက်သွားလာသူများအား စစ်ဆေးခဲ့သည်။

အမှုစစ်အဖွဲ့က ရွာရှည်(မြောက်)ကျေးရွာနေ ဦးလှမင်း(၆၃ နှစ်)အား စစ်ဆေးရာ ဦးလှမင်းက မရီရီသန့်နှင့် သမီးဖြစ်သူ မအေးသန္တာထွန်း(ခ)မစုသန္တာထွန်းအား အခင်းဖြစ်နေရာတွင် ထားရှိခဲ့သည့် သစ်သားတုတ်ဖြင့် ရိုက်သတ်ခဲ့ကြောင်း၊ မရီရီသန့်အား ကာမရယူရန် ကြံစည်ရာမှ ငြင်းပယ်သဖြင့် တိုင်တန်းမည်ကို စိုးရိမ်သောကြောင့် သားအမိနှစ်ဦးအား ရိုက်သတ်ခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

ဦးလှမင်း(ခ)မြမောင်က ပြစ်မှုကျူးလွန်စဉ် ဝတ်ဆင်ခဲ့သည့် ပုဆိုးနှင့် အင်္ကျီကို မီးရှို့ခဲ့ကြောင်း ထွက်ဆိုသဖြင့် ၎င်းနေထိုင်ရာ အိမ်သို့သွားရောက်ပြီး မီးကျွမ်းနေသည့် ပုဆိုးနှင့်အင်္ကျီများ၊ ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် စက်ဘီး၊ သေဆုံးသူ၏ ကွမ်းခြံမှပိုက်ပျော့များနှင့် ရိုက်နှက်ရာတွင် အသုံးပြုခဲ့သည့် သစ်သားတုတ်တို့အား သိမ်းဆည်းခဲ့ပြီး ဦးလှမင်း(ခ)မြမောင်အား ဘုတလင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

၈-၁၂-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၉:၁၅ - "ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်စုစုလွင် နှင့် တွေ့ဆုံမေးမြန်းခြင်း"
၁၀:၀၀ - Sunday Talk
၁၂:၃၅ - အကြိမ်(၃၀)မြောက် အရှေ့တောင် အာရှအားကစား ပြိုင်ပွဲမြင်ကွင်းများ
၁၃:၀၀ - မြန်မာဂန္ထဝင်ရုပ်ရှင် **"ချစ်ခြင်းဆိုသည် ဘာလဲကွယ်"** (နေအောင်၊ တင်တင်ညို) (ဒါရိုက်တာ-မောင်ဆွေတင့်၊ ပန်းချီစိုးမိုး)

**ညပိုင်း**

၁၆:၂၅ - "ICJ ဆိုင်ရာ ဥပဒေရေးရာ စကားဝိုင်း"
၁၈:၅၀ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြု Logo(100)
တက္ကသိုလ်ရာပြည့်ဂုဏ်ပြု အစီအစဉ်(အဖွင့်) (ကျော်သက်လင်း)(Insert)
- စစ်ကိုင်းလမ်း(ခိုင်ထူး)
၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ"အိမ်ကြီးရှင်သခင်မ"(အပိုင်း-၃၆)
၂၀:၀၀ - ပြည်တွင်းသတင်း
၂၀:၃၀ - ရုပ်ရှင်ရာပြည့်(Promo)
၂၀:၃၅ - "အကြိမ်(၂၀)မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှော ဖလှယ်ပွဲ ဂုဏ်ပြုအစီအစဉ်"
- အကြိမ်(၃၀)မြောက် အရှေ့တောင် အာရှအားကစား ပြိုင်ပွဲ မြင်ကွင်းများ
- "လေဘာတီမြရင်နှစ်(၁၀၀) ပြည့် မန္တလေးအငြိမ့် အလွမ်းပြေ" (မင်းသမီး-ပန်တျာငွေးငွေးမြင့်၊ လူရွှင်တော်-ပေါစံ၊ သိန်းစု၊ ဒီပါ၊ ချစ်စရာ)

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီတွင် မြင်းမူမြို့ အမှတ်(၁)နယ်မြေ အနောက်ပိုင်းရပ်ကွက် မြဝတီလမ်းနေ ထူးအောင်ကျော်(ခ)မောင်ထူး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၂၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၅ ရက် ညနေ ၅ နာရီက ထီးချိုင့်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ထီးချိုင့်မြို့နယ် ချိတ်သင်ကျေးရွာ၊ ဗန်းမော်-မန္တလေးသွား ကားလမ်း၊ ဟသ်ာတတံတားဂိတ်တွင် အောင်ငွေး(ခ)ချိုဝင်း မောင်းနှင်လာသော ဆိုင်ကယ်နှင့် အောင်မြိုင် မောင်းနှင်လာသော ဆိုင်ကယ်တို့ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၉၀၀ ကို လည်းကောင်း။

ထို့အတူ ဒီဇင်ဘာ ၆ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု ဝက်ဝံကျေးရွာ ပိတ်ချင်းမြောင်နယ်မြေရဲစခန်းရှေ့လမ်းမတွင် ဇေရယ်စိုး မောင်းနှင်ပြီး ဂျွန်ပေါထက်(ခ)ဟန်လင်းသိန်း လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းရှူးမြို့နယ် နားန္တိုင်ကျေးရွာအနီး ကားလမ်းမတွင် ရပ်ထားသော ဆိုင်ကယ်တစ်စီးကို တွေ့ရှိသဖြင့် ရှာဖွေရာ ဘိန်းစိမ်း ၂၄ ဒသမ ၁၆၈၄ ကီလိုကို လည်းကောင်း။

ထို့အတူ ဒီဇင်ဘာ ၆ ရက် ညနေ ၄ နာရီတွင် လားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအုပ်စု မယ်ဟန်ကျေးရွာနေ အိုက်ပွတ်(ခ) အိုက်ကွမ်း ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၅၀ နှင့် မြန်မာငွေကျပ် ၁၀၀၀၀၀ တို့ကိုလည်းကောင်း။



အိုက်ပွတ်(ခ) အိုက်ကွမ်း အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ နှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ရေယားကျေးရွာအနီး ကလော-သာစည်သွားကားလမ်းတွင် ခွန်စိုးဝင်း(ခ)ကျော်ဝင်း မောင်းနှင်လာသော ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# လှိုင်သာယာမြို့နယ်အတွင်း ခိုးမှုကျူးလွန်သူ လေးဦးကို ဖမ်းဆီးရမိ

ရန်ကုန် ဒီဇင်ဘာ ၇

**နိုဝင်ဘာ ၁၅ ရက် ညနေ ၆ နာရီတွင် လှိုင်သာယာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း လှည့်ကင်းတာဝန်များ ဆောင်ရွက်နေစဉ် ကြိုတင်သတင်းရရှိထားသူ လှဝင်းထွဋ်(ခ)သံခဲအား ရွှေလင်ပန်းစက်မှုဇုန် ကျန်စစ်သားလမ်းမပေါ်တွင် တွေ့ရှိစစ်ဆေးခဲ့ရာ ၎င်းသည် နိုဝင်ဘာ ၁၄ ရက်တွင် သူငယ်ချင်းများဖြစ်သည့် နိုင်ထက်၊ ညီနန္ဒ (ခ)ကိုညီ၊ ရဲထိုက်တို့နှင့်အတူ ရွှေလင်ပန်းစက်မှုဇုန် မင်းသိင်္ခကျော်စွာလမ်းအတွင်းရှိ စက်ရုံတစ်ခုအတွင်းမှ ကြေးကြိုးရောရာ ၁၃ ပိဿာခန့်ကို ဖြတ်တောက်ခိုးယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။**



### ဖမ်းဆီးရမိ

စစ်ဆေးပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းအား လိုက်လံသိမ်းဆည်းပြီး ခိုးမှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူ နိုင်ထက်ပါ သုံးဦးကို ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် မဂ္ဂရာမင်းသားကြီးလမ်းအတွင်းရှိ ၎င်းတို့၏ နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

### စစ်ဆေးပေါ်ပေါက်

ဖမ်းဆီးရမိသူ လှဝင်းထွဋ်(ခ)သံခဲပါ လေးဦးအား အခြားခိုးမှုများ ကျူးလွန်ခဲ့ခြင်း ရှိ/မရှိ စစ်ဆေးခဲ့ရာ ၎င်းတို့လေးဦးသည် ၂၀၁၉ ခုနှစ် စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် ဝက်မစွပ်ဝန်ထောက်လမ်းရှိ စက်ရုံတစ်ခုအတွင်းမှ ပိဿာချိန် ၃၀ ခန့်ရှိ ကြေးကြိုးများ၊ ဗန်းမော်အတွင်းဝန်လမ်းမပေါ်တွင် ရပ်ထားသော ကားတစ်စီးမှ SK တံဆိပ်ပါ ဘက်ထရီတစ်လုံး၊ Ling Yun တံဆိပ်ပါ ဘက်ထရီတစ်လုံး၊ ဆိပ်ကမ်းသာလမ်းရှိ စက်ရုံတစ်ခုအတွင်းမှ ပိဿာချိန် ၃၀ ခန့်ရှိ ကြေးကြိုးများနှင့် မင်းကြီးမဟာမင်းခေါင်လမ်းရှိ စက်ရုံတစ်ခုအတွင်းမှ ပိဿာချိန် ၅၀ ခန့်ရှိ ကြေးကြိုးများ၊ စုစုပေါင်း ကြေးကြိုး ပိဿာချိန် ၁၁၀ ခန့်နှင့် ကားဘက်ထရီနှစ်လုံးတို့ကို ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့သည်။

### ဥပဒေနှင့်အညီ အရေးယူ

ပြစ်မှုကျူးလွန်သူ လှဝင်းထွဋ်(ခ)သံခဲပါ လေးဦး(ဝဲပုံ)အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

**ရန်ကုန် ဒီဇင်ဘာ ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် တစ်နိုင်ငံလုံး တစ်မျိုးသားလုံး အမျိုးသား အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ပြည်သူလူထု တစ်ရပ်လုံး လှုပ်ရှားပါဝင်ဆင်နွှဲစေရန် ရည်ရွယ်၍ ဒီဇင်ဘာ လူထုအားကစားလ ပထမပတ် လူထုစုပေါင်း လမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း (အထူးတန်း) ဝင်ပေါက်ရှေ့မှ စတင်တာထွက်သည်။

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် အစိုးရအဖွဲ့ ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ဖိတ်ကြားထားသူများ၊ မြို့နယ်ပေါင်းစုံမှ ပြည်သူလူထုများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) မှ ကျောင်းသား ကျောင်းသူများ၊ အထက(၃) မင်္ဂလာတောင်ညွန့်မှ ဘင်ခရာ၊ ပန်းဖွားအက ကျောင်းသူလေးများနှင့်အတူ တပျော်တပါး စုပေါင်းလမ်းလျှောက်ပွဲကို ပါဝင်ဆင်နွှဲခဲ့ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးခဲ့ရာ စုပေါင်းလမ်းလျှောက်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း (အထူးတန်း) ဝင်ပေါက်ရှေ့မှ စတင်တာထွက်၍ ဦးထောင်ဗိုလ်အဝိုင်းမှ ကန်တော်ကြီးပတ်လမ်း ကန်ရိပ်သာ လမ်းအတိုင်း၊ လက်ယာကပ်လျှောက်၍ အထက်ပန်းဆိုးတန်း လမ်းမအတိုင်း အောင်ဆန်းအားကစားပြိုင်ဝင်း အရှေ့ဝင်ပေါက်သို့ ပြန်လည်ပန်းဝင်ကာ မြို့နယ်အလိုက် ပြည်သူငါးသောင်းခန့်က စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး အစီအစဉ် အတွဲအမှတ် (၁)၊ (၂) တို့နှင့် Myanmar Fitness Dance လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**



# အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသတင်းများ

PHILIPPINES 2019 30TH SEA GAMES

## အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၇-၁၂-၂၀၁၉

| နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| ဖိလစ်ပိုင် | ၈၅ | ၆၃ | ၆၅ | ၂၁၃ |
| အင်ဒိုနီးရှား | ၅၀ | ၄၈ | ၅၃ | ၁၅၁ |
| ဗီယက်နမ် | ၄၃ | ၄၈ | ၆၁ | ၁၅၂ |
| ထိုင်း | ၃၉ | ၅၃ | ၅၇ | ၁၄၉ |
| စင်ကာပူ | ၃၇ | ၃၀ | ၄၁ | ၁၀၈ |
| မလေးရှား | ၃၅ | ၂၈ | ၄၀ | ၁၀၃ |
| မြန်မာ | ၃ | ၁၁ | ၃၁ | ၄၅ |
| ကမ္ဘောဒီးယား | ၂ | ၄ | ၁၈ | ၂၄ |
| ဘရူနိုင်းဒါရူဆလမ် | ၁ | ၅ | ၅ | ၁၁ |
| လာအို | ၀ | ၃ | ၁၃ | ၁၆ |
| တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

## မြန်မာအသင်း အင်ဒိုနီးရှားကို အရေးနိမ့်ပြီး ဗိုလ်လုပွဲနှင့် လွဲချော်

**မနီလာ ဒီဇင်ဘာ ၇**

၂၀၁၉ ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက မနီလာမြို့ရှိ ရီဇယ်လ်ကွင်း၌ ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့ပြီး အင်ဒိုနီးရှားနှင့် ဗီယက်နမ်အသင်းတို့ ဗိုလ်လုပွဲ တက်ရောက်သွားသည်။

မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ဆီမီးဖိုင်နယ် ကစားခဲ့ရပြီး သာမန်ပွဲကစားချိန် မိနစ် ၉၀ တွင် နှစ်ဂိုးစီ သရေကျနေသောကြောင့် အချိန်ပိုဆက်လက် ယှဉ်ပြိုင်ရာ အင်ဒိုနီးရှားအသင်းက နှစ်ဂိုးထပ်မံ သွင်းယူခဲ့သောကြောင့် စုစုပေါင်း လေးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ရသည်။ မြန်မာအသင်းသည် နှစ်ဂိုးအရှုံးမှ နှစ်ဂိုးပြန်သွင်းကာ သရေကျခဲ့သော်လည်း အချိန်ပိုတွင် ဂိုးများ ထပ်မံခွင့်ပြုခဲ့ရသောကြောင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရသည်။ အင်ဒိုနီးရှားအသင်းသည် ၂၀၁၃ နောက်ပိုင်း ဗိုလ်လုပွဲသို့ တစ်ကျော့ပြန် တက်ရောက်နိုင်ခဲ့သည်။

မြန်မာအသင်းနည်းပြချုပ် ဗိုပေါ့ဗ်သည် ကမ္ဘောဒီးယားကို အနိုင်ယူခဲ့သည့် အုပ်စုနောက်ဆုံးပွဲလူစာရင်းအတိုင်း ယှဉ်ပြိုင်ခဲ့ပြီး အထောင်တိုက်စစ်မှူး မပါသောကြောင့် ယခုပွဲတွင် ရှုံးကန်ခဲ့ရကာ ပထမပိုင်းတွင် ထိရောက်သည့်ဂိုး သွင်းခွင့်မရခဲ့ပေ။ အင်ဒိုနီးရှားအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း မြန်မာဂိုးသမား ဆန်းဆက်နိုင် အမှားမရှိသောကြောင့် ပထမပိုင်းတွင် ဂိုးမရခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် အင်ဒိုနီးရှားအသင်းက တိုက်စစ်မြှင့်လာပြီး ၅၈ မိနစ်တွင် အီဗန်နှင့် ၇၂ မိနစ်တွင် အီဂီတို့က ဂိုးများသွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဂိုးပြန်ရရန် အောင်ကောင်းမာန်နှင့် ဝင်းနိုင်ထွန်းကို ထည့်ကာ တိုက်စစ်မြှင့်ခဲ့ပြီး ၇၈ မိနစ်တွင် အောင်ကောင်းမာန်က ပထမချေပဂိုး၊ ၇၉ မိနစ်တွင် ဝင်းနိုင်ထွန်းက ဒုတိယချေပဂိုး သွင်းယူခဲ့သည်။ ဝင်းနိုင်ထွန်းသွင်းယူသည့် ဒုတိယဂိုးမှာ အင်ဒိုနီးရှားဂိုးသမား အမှားကြောင့် ရရှိခဲ့ခြင်းဖြစ်သည်။ မိနစ် ၉၀ ပြည့်သည်အထိ သရေကျနေ၍ အချိန်ပိုဆက်လက် ယှဉ်ပြိုင်ရာ အင်ဒိုနီးရှားအသင်းက ခြေပိုသာခဲ့ပြီး အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ အင်ဒိုနီးရှားအသင်းအတွက် အနိုင်ဂိုးများကို ၁၀၃ မိနစ်တွင် အိုဆာဗယ်လ်ဒို၊ ၁၁၄ မိနစ်တွင် အီဗန်တို့က သွင်းယူခဲ့သည်။ ပွဲပြီးခါနီးတွင် မြန်မာအသင်း ကွင်းလယ်ကစားသမား အောင်နိုင်ဝင်း အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ တတိယနေရာလုပွဲအဖြစ် မြန်မာနှင့် ကမ္ဘောဒီးယား၊ ဗိုလ်လုပွဲအဖြစ် ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းတို့ ဒီဇင်ဘာ ၁၀ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## မြန်မာကြက်တောင် အားကစားသမားနှစ်ဦး ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခဲ့ရ

**မနီလာ ဒီဇင်ဘာ ၇**

၂၀၁၉ ဆီးဂိမ်းကြက်တောင်ပြိုင်ပွဲ တစ်ဦးချင်း ကွာတားဖိုင်နယ် ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းက ဖိလစ်ပိုင်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာကြက်တောင် အားကစားသမားနှစ်ဦး ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခဲ့ရသည်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာကြက်တောင် အားကစားမယ် သက်ထားသူဇာသည် အင်ဒိုနီးရှားကစားသမားနှင့် တွေ့ဆုံခဲ့ပြီး နှစ်ပွဲပြတ်ရှုံးနိမ့်ကာ ဆီမီးဖိုင်နယ်နှင့် လွဲချော်ခဲ့သည်။ သက်ထားသူဇာသည် ပထမပွဲငယ်တွင် အင်ဒိုနီးရှားကစားသမား ရူဆလီကို ၁၁-၂၁ မှတ်ဖြင့် အမှတ်ပြတ် အရေးနိမ့်ခဲ့သည်။ ဒုတိယပွဲငယ်တွင် ပြန်လည်အနိုင်ရရန် ကြိုးပမ်းခဲ့သော်လည်း ၁၇-၂၁ မှတ်ဖြင့် ထပ်မံရှုံးနိမ့်ခဲ့သည်။ သက်ထားသူဇာသည် ဆီးဂိမ်းပြိုင်ပွဲတွင် လေးကြိမ်မြောက် ယှဉ်ပြိုင်ခြင်းဖြစ်သည်။ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ဘုန်းပြည့်နိုင်သည် ကွာတားဖိုင်နယ်၌ မလေးရှားကစားသမားနှင့် တွေ့ဆုံခဲ့ပြီး ၂၁-၁၄ မှတ်၊ ၂၁-၁၉ မှတ်ဖြင့် အရေးနိမ့်ကာ ပြိုင်ပွဲမှထွက်ခဲ့ရသည်။

**ညီမြတ်သော်တာ**

## တိုက်ကွမ်ဒို ကကွက်ပြိုင်ပွဲတွင် မြန်မာတိုက်ကွမ်ဒိုအဖွဲ့ ကြေးတံဆိပ်တစ်ခု ဆွတ်ခူး

**မနီလာ ဒီဇင်ဘာ ၇**

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပနေသည့် အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲ တိုက်ကွမ်ဒိုပထမနေ့ကို ယနေ့မွန်းလွဲပိုင်းက မနီလာမြို့၌ ကျင်းပရာ မြန်မာတိုက်ကွမ်ဒိုအဖွဲ့က ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲပထမနေ့တွင် ကကွက်ပြိုင်ပွဲအမျိုးအစားရှစ်မျိုး ထည့်သွင်းကျင်းပခဲ့ပြီး မြန်မာတိုက်ကွမ်ဒိုအဖွဲ့သည် ပြိုင်ပွဲအမျိုးအစား လေးမျိုး၌ ဝင်ရောက်ယှဉ်ပြိုင်ရာ ဆုတံဆိပ်တစ်ခု ရယူနိုင်ခဲ့သည်။

မြန်မာတိုက်ကွမ်ဒိုအဖွဲ့အတွက် ကြေးတံဆိပ်ဆုကို အမျိုးသားတစ်ဦးချင်း ကကွက်ပြိုင်ပွဲမှ ဆန်းရှိန်းက ရယူပေးခဲ့ပြီး ယင်းပြိုင်ပွဲတွင် ဖိလစ်ပိုင်က ရွှေတံဆိပ်၊ ထိုင်းက ငွေတံဆိပ် ရရှိခဲ့သည်။ အမျိုးသမီးတစ်ဦးချင်း ကကွက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် နေရီဦး၊ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် ဆန်းရှိန်းနှင့် နေရီဦးအတွဲ၊ အမျိုးသား ကကွက် Free ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် သက်ဖုန်းနိုင်တို့မှာ ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။ အတိုက်ပြိုင်ပွဲများကို ဒီဇင်ဘာ ၈ ရက် **(ယနေ့)** စတင်ကျင်းပမည်ဖြစ်ပြီး ဝိတ်တန်းရှစ်ပွဲ ပါဝင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

❑ *ကျောဖုံးမှ*

ဆီးဂိမ်းလှေလှော်ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ ဆူဘစ်မြို့၌ ကျင်းပရာ မြန်မာလှေလှော်အဖွဲ့က ရိုးရာလှေပြိုင်ပွဲတွင် ရွှေတစ်ခု၊ ကြေးတစ်ခု၊ ကနူးပြိုင်ပွဲတွင် ငွေတစ်ခု၊ အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲတွင် ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့သည်။

ရိုးရာလှေပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား သုံးမျိုးထည့်သွင်းကျင်းပခဲ့ပြီး မြန်မာလှေအဖွဲ့သည် မီတာ ၂၀၀ အမျိုးသမီး လေးတက်လှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်၊ မီတာ ၂၀၀ အမျိုးသား ၁၂ တက်လှော်ပြိုင်ပွဲတွင် ကြေးတံဆိပ် ရရှိခဲ့ကာမီတာ ၂၀၀ အမျိုးသား+အမျိုးသမီး ၂၂ တက်လှော်ပြိုင်ပွဲတွင်မူ ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲတွင် ၅၄ ဒသမ ၉၄၇ စက္ကန့်ဖြင့် ရွှေတံဆိပ်ရယူနိုင်ခဲ့ပြီး ဒုတိယရခဲ့သည့် အင်ဒိုနီးရှားအသင်းကို နှစ်စက္ကန့်ဝန်းကျင် အသာရခဲ့သည်။

ငွေတံဆိပ်ဆုကို အင်ဒိုနီးရှားအသင်း၊ ကြေးတံဆိပ်ဆုကို ထိုင်းအသင်းတို့က ရရှိခဲ့သည်။ မီတာ ၂၀၀ အမျိုးသား ၁၂ တက်လှော်ပြိုင်ပွဲတွင် မြန်မာအသင်းသည် ကြေးတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရပြီး အင်ဒိုနီးရှားအသင်းက ရွှေတံဆိပ်၊ ထိုင်းအသင်းက ငွေတံဆိပ် ရရှိခဲ့သည်။ မီတာ ၂၀၀ အမျိုးသား ကနူးလှေ တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာကစားသမား မျိုးလှိုင်ဝင်းက ငွေတံဆိပ်ရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဖိလစ်ပိုင်က ရွှေတံဆိပ်နှင့် ဗီယက်နမ်က ကြေးတံဆိပ်ရရှိခဲ့သည်။ အပြည်ပြည်ဆိုင်ရာလှေ မီတာ ၁၀၀ အမျိုးသမီးနှစ်ယောက် လှော်ပြိုင်ပွဲတွင် မြန်မာမှ ရွှေဇင်လတ်နှင့် နီလာဝင်းအတွဲက ကြေးတံဆိပ်ရရှိခဲ့သည်။ လှေလှော်ပြိုင်ပွဲ နောက်ဆုံးနေ့တွင် ရိုးရာလှေအမျိုးအစား သုံးမျိုး၊ အပြည်ပြည်ဆိုင်ရာ လှေအမျိုးအစား သုံးမျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ရိုးရာလှေပြိုင်ပွဲ ဒုတိယနေ့ကို ဒီဇင်ဘာ ၈ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာလှေလှော်အဖွဲ့သည် ပြိုင်ပွဲသုံးမျိုးစလုံး ယှဉ်ပြိုင်မည်ဖြစ်သည်။ ဒုတိယနေ့တွင် မီတာ ၁၀၀၀ အမျိုးသား+အမျိုးသမီး ၂၂ တက်လှော်ပြိုင်ပွဲ၊ မီတာ ၅၀၀ အမျိုးသား လေးတက်လှော်ပြိုင်ပွဲနှင့် မီတာ ၅၀၀ အမျိုးသား+အမျိုးသမီး ၂၂ တက် လှော်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

မြန်မာလှေလှော်အဖွဲ့သည် လက်ရှိကျင်းပနေသည့် ဆီးဂိမ်းပြိုင်ပွဲတွင် ရိုးရာလှေပြိုင်ပွဲ၌ ရွှေတစ်ခု၊ ကြေးတစ်ခု၊ ကနူးပြိုင်ပွဲ၌ ငွေနှစ်ခု၊ အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲ၌ ကြေးတစ်ခုရရှိထားသည်။ **ညီမြတ်သော်တာ**

# တရုတ်နိုင်ငံအား ချေးငွေမချေးရေး ကမ္ဘာ့ဘဏ်ကို ထရမ့်တိုက်တွန်း

**ဝါရှင်တန် ဒီဇင်ဘာ ၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ယမန်နေ့က ကမ္ဘာ့ဘဏ်ကို စိတ်ဆိုးဒေါသထွက်ခဲ့ပြီး တရုတ်နိုင်ငံကို ချေးငွေများချေးပေးသည့် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့ကိုလည်း အပြစ်တင်လိုက်ကြောင်း သတင်းရရှိသည်။

"ဘာကြောင့် ကမ္ဘာ့ဘဏ်က တရုတ်နိုင်ငံကို ချေးငွေတွေချေးရတာလဲ။ ဒါဟာဖြစ်သင့်ရဲ့လား။ တရုတ်နိုင်ငံမှာ ငွေကြေးတွေ အများကြီးရှိတယ်။ အကယ်၍ သူတို့မှာမရှိရင် သူတို့ဖန်တီးလိမ့်မယ်။ ချေးတာတွေရပ်" ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တွစ်တာတွင် ပြောသည်။

ယခုအခါ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌဖြစ်နေသည့် ဒေးဗစ်မယ်ပက်စ်သည် ယခင်က အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် အရာရှိကြီးအဖြစ် လုပ်ကိုင်ခဲ့သည်။ ၎င်းကို ရည်ညွှန်းပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က "သူဟာ အမေရိကန်အစိုးရအဖွဲ့မှာ အလုပ်လုပ်ကိုင်ခဲ့ဖူးသူလည်းဖြစ်ခဲ့တယ်"ဟု ပြောခဲ့သည်။

အမေရိကန် ဘဏ္ဍာရေးဝန်ကြီး မန်နျူချင်က ဒီဇင်ဘာ ၅ ရက်တွင် အောက်လွှတ်တော်ကော်မတီတစ်ခုကို ပြောကြားခဲ့သော စကားဖြစ်သည့် အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့ဘဏ်၏ နှစ်ရှည်ချေးငွေများနှင့် တရုတ်နိုင်ငံရှိလုပ်ငန်းများကို ကန့်ကွက်သည်ဆိုသည့် လေသံကိုလိုက်ပြီး အမေရိကန်သမ္မတ ထရမ့်က ကမ္ဘာ့ဘဏ်ကို ယခုလိုမျိုး ပြောကြားခဲ့ခြင်းဖြစ်နိုင်သည်။

နှစ်ရှည်ချေးငွေအစီအစဉ်ကို ဒီဇင်ဘာ ၅ ရက်က ချမှတ်ခဲ့ကြောင်းနှင့် တရုတ်နိုင်ငံကိုလျှော့ချေးရန် စီစဉ်ထားကြောင်း သိရသည်။ နှစ်ရှည်ချေးငွေအစီအစဉ်သည် တရုတ်နိုင်ငံနှင့် ကမ္ဘာ့ဘဏ်၏ဆက်ဆံရေးကို တိုးတက်စေနိုင်ကြောင်း တရုတ်နိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်ညွှန်ကြားရေးမှူး မာတင်ရေဆာက ဒီဇင်ဘာ ၅ ရက်က ပြောသည်။ မိမိတို့၏အားပေးကူညီမှုသည် တဖြည်းဖြည်းထိရောက်မှုရှိလာမည်ဟု ၎င်းက ပြောသည်။

ချေးငွေလျှော့ချေးခြင်းသည် အမေရိကန်အတွက် စိတ်ကျေနပ်စရာကောင်းသော အလုပ်မဟုတ်ဘဲ ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံတစ်ခုသည် ဘဏ္ဍာငွေပိုင်းဆိုင်ရာတွင် လုံလောက်သည့်ချမ်းသာမှုမျိုးရှိပြီး ကမ္ဘာ့ဘဏ်၏ ချေးငွေအပေါ် မမှီခိုသင့်ဟုဆိုကာ အငြင်းပွားလျက်ရှိသည်။ ထို့အပြင် တရုတ်နိုင်ငံသည် ဆင်းရဲသောနိုင်ငံများကို ငွေကြေးဆိုင်ရာ ထောက်ပံ့မှုများပင် လုပ်ဆောင်လျက်ရှိသည်ဟု အမေရိကန်က ပြောသည်။

နှစ်နှစ်နီးပါးရောက်လာပြီဖြစ်သည့် အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲပြီးဆုံးရေး အဖြေရှာနေချိန်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ယခုလို တရုတ်နိုင်ငံအား ချေးငွေရပ်တန့်ရန် ကမ္ဘာ့ဘဏ်ကိုတိုက်တွန်းသည့် မှတ်ချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

# အမေရိကန်က အီရတ်နိုင်ငံအပေါ် အရေးယူဒဏ်ခတ်ပိတ်ဆို့မှုသစ်များ ထပ်မံပြုလုပ်ခဲ့သည့်အတွက် ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ရာ ၁၂ ဦးသေဆုံး

**ဘဂ္ဂဒက် ဒီဇင်ဘာ ၇**

အီရတ်နိုင်ငံ ဘဂ္ဂဒက်ရှိ အစိုးရဆန့်ကျင်ရေး ဆန္ဒပြ သပိတ်စခန်းတွင် အမည်မသိ သေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် ဆန္ဒပြသူ ၁၂ ဦး သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လူငယ်ဆန္ဒပြမှုများဖြစ်ပွားနေစဉ်။

အမေရိကန်က အီရန်ကို အီရတ်၏ ဂရုန်းသုန်းကားအခြေအနေတွင် ဝင်ရောက်စွက်ဖက်သည်ဟု စွပ်စွဲပြီး ဆန္ဒပြသူများကို တရားမဝင် နှိမ်နင်းဖြိုခွင်းသည်ဟုဆိုကာ အီရန်ထောက်ခံ အုပ်စုများကို ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်နေစဉ် ယခုလို သွေးမြေကျသည့် ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

လူငယ်အများစုပါဝင်သည့် ဆန္ဒပြအဖွဲ့များသည် အောက်တိုဘာလအစောပိုင်းကတည်းက အီရတ်မြို့တော်၏ အဓိကသပိတ်စခန်းရှိရာ တာရာပန်းခြံတွင် စုပြုံတိုးဝှေ့ကြလျက် အစိုးရအား အကျင့်ပျက်ခြစားနေပြီ၊ အသုံးမကျဖြစ်နေပြီ၊ အီရန်ကို ကျေးဇူးဆပ်နေပြီဟု ကြွေးကြော်နေကြသည်။

ထိုအချိန်ကတည်းက စတင်ခဲ့သည့် မကျေနပ်မှုများသည် ဟာ့ရှ်အယ်လ်ရာဘီ လုံခြုံရေးတပ်ဖွဲ့ကို ထောက်ခံသူများက အင်အားပြ ဖိနှိပ်မှုများ လုပ်ဆောင်လိုက်သည့်အခါ စုပြုံအုံကြွလာခြင်းကို ဖြစ်ပေါ်စေခဲ့သည်။ ဒီဇင်ဘာ ၆ ရက်က လူအုပ်ကြီးသည် ငြိမ်သက်လာသော်လည်း ညပိုင်းတွင် ပြန်လည်အုံကြွမှုများ ဖြစ်ပေါ်လာခဲ့ကြောင်း မျက်မြင်သက်သေများက ပြောသည်။

ပစ်ကပ်ယာဉ်များပေါ်မှ လက်နက်ကိုင်များက ဆန္ဒပြသူများ ရက်သတ္တပတ်အတော်ကြာ စခန်းချနေသည့် အဆောက်အအုံကြီးကို ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး ဆန္ဒပြသူများကိုထွက်ပြေးစေခဲ့သည်။ ထိုတိုက်ခိုက်မှုတွင် လူပေါင်း ၁၂ ဦးထက်မနည်း သေဆုံးခဲ့ပြီး လူ ၁၀ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ဆေးတပ်ဖွဲ့က အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။ သေဆုံးသူအရေအတွက်လည်း ထပ်မံမြင့်တက်လာနိုင်ကြောင်း ဆေးတပ်ဖွဲ့က ထပ်မံပြောကြားခဲ့သည်။

လူနာတင်ယာဉ်များက သေနတ်မှန်သူများနှင့် ဒဏ်ရာရ ဆန္ဒပြသူများကို သယ်ယူပို့ဆောင်ပေးသလို အဆိုပါအတိုက်ခံရသည့်နေရာကိုပင် လဟာပြင်ဆေးခန်းအဖြစ် ပြုလုပ်ကာ ကုသမှုများ ဆောင်ရွက်ခဲ့ရသည်။

**အေအက်ဖ်ပီ**

# ကမ္ဘာ့အစိုးရများအား ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ရန် သတ္တိမွေးကြဖို့ ဂူတာရက်စ်တိုက်တွန်း

**နယူးယောက် ဒီဇင်ဘာ ၇**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ကမ္ဘာ့အစိုးရများအား ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ရေး သတ္တိမွေးထားကြရန် တိုက်တွန်းလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဒီဇင်ဘာ ၇ ရက်က ဖော်ပြခဲ့သည်။ စပိန်နိုင်ငံတွင် ပြုလုပ်လျက်ရှိသည့် ရာသီဥတုပြောင်းလဲရေးဆိုင်ရာ စီအိုပီ ၂၅ အစည်းအဝေးကို တက်ရောက်ပြီးနောက် နယူးယောက်၌ အင်န်အိတ်ချ်ကေ တွေ့ဆုံမေးမြန်းခန်း တစ်ခုတွင် အတွင်းရေးမှူးချုပ်က ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ဂူတာရက်စ်က ရာသီဥတုပြောင်းလဲခြင်းသည် ယနေ့ခေတ်တွင် ပြဿနာတစ်ရပ်ဖြစ်လာခဲ့ကြောင်းနှင့် အနာဂတ်အတွက် ပြဿနာတစ်ခုမဟုတ်ကြောင်း ပြောကြားလိုက်သည်။ ထို့အပြင် ဂူတာရက်စ်က လေထုညစ်ညမ်းခွန်ကောက်ရန်၊ ကျောက်မီးသွေးသုံးစက်ရုံသစ်များ တည်ဆောက်မှုမပြုရန်တို့ကို တင်းကျပ်စွာ လုပ်ဆောင်ရေးအတွက် ကမ္ဘာ့အစိုးရများကိုလည်း တိုက်တွန်းလိုက်သည်။

ကမ္ဘာကြီးနှစ်ပိုင်းကွဲလာမည့် အခြေအနေကို စိုးရိမ်မိကြောင်း၊ ကမ္ဘာ့စီးပွားရေးအင်အားကြီးနှစ်နိုင်ငံအကြား ပြေလည်မှုမရရှိသေးကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။ ကမ္ဘာ့စီးပွားရေးအင်အားကြီးနှစ်နိုင်ငံသည် စုစည်းညီညွတ်သော ကမ္ဘာကြီးဖြစ်ရေး အခြေခံမဏ္ဍိုင်များ ချမှတ်အကောင်အထည်ဖော်ရန် လိုအပ်လာပြီ ဖြစ်ကြောင်းလည်း ပြောကြားလိုက်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးနှင့် သိပ္ပံနှင့်နည်းပညာကဏ္ဍများစသည့် ကျယ်ပြောလှသော ကဏ္ဍများတွင် ထိပ်တိုက်တွေ့ဆုံမှုများကို ရှောင်ရှားရန်လည်း တိုက်တွန်းပြောကြားလိုက်သည်။

ထို့အပြင် ဂူတာရက်စ်က ဂျပန်စေတနာရှင်ဆရာဝန် တက်ဆုနာကာမူရာ သေဆုံးခဲ့သည့်အတွက်လည်း အလွန်စိတ်မကောင်းဖြစ်မိကြောင်း ပြောကြားလိုက်သည်။ ၎င်း၏ဝမ်းနည်းကြောင်းအထိမ်းအမှတ်ကို နာကာမူရာ၏မိသားစုဝင်များသို့ ပေးပို့ကြောင်း၊ ထို့အတူ ဂျပန်နိုင်ငံသို့လည်း ပေးပို့ကြောင်း ပြောကြားလိုက်သည်။

ဂူတာရက်စ်က စေတနာရှင်ကျန်းမာရေးဝန်ထမ်းများအား တိုက်ခိုက်သူများကိုလည်း ပြစ်တင်ရှုတ်ချလိုက်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယတွင် တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးကို အဓမ္မပြုကျင့်သတ်ဖြတ်ခဲ့မှုဖြင့် စွပ်စွဲခံရသူ လေးဦးကို ရဲများက အသေပစ်သတ်

**နယူးဒေလီ ဒီဇင်ဘာ ၇**

အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် အသက် ၂၇ နှစ်အရွယ် တိရစ္ဆာန် ဆေးကုဆရာဝန်တစ်ဦးကို အဓမ္မပြုကျင့်သတ်ဖြတ်ခဲ့မှုဖြင့် စွပ်စွဲခံရသူ လေးဦးကို ရဲများက အသေပစ်သတ်လိုက်ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူ တရားခံများအား အိန္ဒိယနိုင်ငံ တီလန်ဂါနာပြည်နယ် ဟိုက်ဒရာဘတ်မြို့ရှိ အဓမ္မပြုကျင့်သတ်ဖြတ်မှုဖြစ်ရာနေရာကို မှုခင်းသရုပ်ပြရန် ခေါ်ဆောင်လာစဉ် ၎င်းတို့က ထွက်ပြေးရန် ကြိုးစားသည့်အတွက် အသေပစ်ခတ်ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

အစောင့်များထံမှ လက်နက်လုယူရန် ကြိုးစားခဲ့သည့်အတွက် ပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း ရဲတပ်ဖွဲ့ဒုတိယရဲမင်းကြီး ပရာကာ့ရှ်ရက်ဒီက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။ သေဆုံးသူ ဆရာဝန် အမျိုးသမီး၏ ဖခင်က သမီးဖြစ်သူ သေဆုံးခဲ့သည်မှာ ၁၀ ရက်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့နှင့် အစိုးရတာဝန်ရှိသူများ၏ ဆောင်ရွက်ချက်များကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

တရားခံများပစ်သတ်ခံရသည့် နေရာသို့ ရာနှင့်ချီသည့်လူများ ရောက်လာပြီး မီးရှူးမီးပန်းများ ပစ်ဖောက်ကာ ရဲများကို ဂုဏ်ပြုခဲ့ပြီး တရားမျှတမှုရှိရေး၊ လက်တုံ့ပြန်အရေးယူရေး တောင်းဆိုဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြသည်။




အဓမ္မပြုကျင့်မှုနှင့်ပတ်သက်ပြီး မကျေမနပ်ဆန္ဒပြနေသည့် လူအုပ်ကြီးကို အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်တွင် တွေ့ရစဉ်။

သေဆုံးသူ အမျိုးသမီး၏ အလောင်းကို အိမ်မှထွက်သွားပြီး နောက်တစ်နေ့တွင် တွေ့ခဲ့ကြောင်း၊ အဝေးပြေးလမ်းတစ်နေရာတွင် ကားဘီးပေါက်သည့်အတွက် တရားခံများသည် လူပြတ်သည့် အဝေးပြေးလမ်းတစ်နေရာသို့ ၎င်းကို ဆွဲခေါ်သွားပြီး မတော်မတရားပြုကျင့်ကာ မီးရှို့သတ်ဖြတ်ခဲ့ကြောင်း၊ ယင်းနောက် စောင်နှင့်ပတ်ကာ တံတားတစ်စင်းပေါ်မှ ပစ်ချလိုက်ကြောင်း၊ အဆိုပါအလောင်းကို လမ်းသွားလမ်းလာတစ်ဦးက တွေ့ရှိရာမှစကာ ယခုလိုကွင်းဆက်မိခဲ့ခြင်း ဖြစ်ကြောင်း ရဲများက ပြောကြားသည်။

**အေအက်ဖ်ပီ**




# ကချင်ပြည်နယ်နေ့နှင့် မနောပွဲတော် ကျင်းပနိုင်ရေး ဆွေးနွေး

**မြစ်ကြီးနား ဒီဇင်ဘာ ၇**

ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားနှင့် မနောပွဲတော် ကျင်းပပြုလုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်သွားမည့်အစီအမံများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ကချင်ပြည်နယ်နေ့နှင့် မနောပွဲတော်ကို ဇန်နဝါရီ ၅ ရက်မှ ၁၂ ရက်အထိ ကျင်းပနိုင်ရေးအတွက် ကချင်ရိုးရာ မနောကွင်းအတွင်းနှင့် ၆၃ ဧကအားကစားကွင်းအတွင်း ပြင်ဆင်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ပွဲတော်ကာလအတွင်း ဈေးရောင်းပွဲတော်နှင့် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ဇာတ်ပွဲများ၊ စင်တင်တေးဂီတ အစီအစဉ်များ ထည့်သွင်းနိုင်ရေးနှင့် ရန်ပုံငွေရရှိရေးဆိုင်ရာတို့ကို ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကချင်လူမျိုးရိုးရာ ဗဟိုကော်မတီ တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးခဲ့ကြ သည်။

ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပွဲတော်ကျင်းပဆောင်ရွက်နိုင်ရေး အများဆန္ဒနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပွဲတော်ကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ မိမိတို့အစိုးရအဖွဲ့အနေဖြင့် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**

# လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၅၀ ရာခိုင်နှုန်းပြည့် အခမ်းအနား မော်လမြိုင်၌ကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၇**

နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၅၀ ရာခိုင်နှုန်းပြည့်မြောက်သည့် အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မွန်ပြည်နယ်အတွင်း ဓာတ်အားသုံးစွဲသူပြည်သူများ ဗို့အားပြည့်ဝ၍ အန္တရာယ်ကင်းရှင်းစွာ ဓာတ်အားသုံးစွဲနိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအတွင်း ဓာတ်အားဖြန့်ဖြူးပေးနေသည့် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများနှင့် ခွဲရုံများအဆင့်မြှင့်တင်ခြင်း၊ အသစ်တိုးချဲ့ တည်ဆောက်ပေးခြင်းအပြင် လျှပ်စစ်ဓာတ်အားမရရှိသေးသော ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက်ပါ တိုင်းဒေသကြီး/ပြည်နယ် ရန်ပုံငွေဖြင့် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွန်ပြည်နယ်အနေဖြင့် ခရိုင်နှစ်ခု၊ မြို့ ၁၇ မြို့တွင် နိုင်ငံတော်၏ ဓာတ်အားစနစ်မှလည်းကောင်း၊ ဒီဇယ် ဓာတ်အားပေးစက်ဖြင့်လည်းကောင်း၊ နေစွမ်းအင်နှင့် အခြားနည်းလမ်းများဖြင့် လည်းကောင်း ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ ယခုအခါ ပြည်နယ်အတွင်း လူဦးရေ၏ ၆၀ ဒသမ ၅ ရာခိုင်နှုန်းအထိ ဓာတ်အားဖြန့်ဖြူးပေးထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးလှထွန်းက မွန်ပြည်နယ်အတွင်း လျှပ်စစ်ကဏ္ဍတိုးတက်ရရှိအောင် ဆောင်ရွက်နေမှု အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဝေလင်း(ပြန်/ဆက်)**



UNDP
Empowered lives. Resilient nations.
UNODC
United Nations Office on Drugs and Crime

အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့

UNITED AGAINST CORRUPTION

INTERNATIONAL ANTI-CORRUPTION DAY

9 DECEMBER 2019 NAYPYITAW

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် လွိုင်လင်ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်



စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( လွိုင်လင်မြို့ )

၂၀၁၉ ခုနှစ် ၊ ဒီဇင်ဘာလ (၇၊ ၈)ရက်၊ (စနေ ၊ တနင်္ဂနွေ)နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ လွိုင်လင်မြို့။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇-၁၂-၂၀၁၉

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၈၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၁၆၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၈၆၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၁၆၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၉၄၅ ကျပ် | ၉၅၅/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၀/၉၆၀ ကျပ် | ၉၇၀/၉၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၂၀/၈၇၅ ကျပ် | ၉၂၀/၉၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၃၀/၉၇၀ ကျပ် | ၁၀၂၅/၁၀၂၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၀၁ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၇ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၀၄ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၇၀ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၈၂ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၈ . ၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၃ . ၄၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၀၂၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၆ . ၃၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၁ . ၀၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၄၈၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၂၀၉၆ | ၂၄၁၀၄၀၀၀ |
| MTSH | ၃၉၀၀ | ၃၉၀၀ | ၇၁၄ | ၂၇၈၄၆၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၅ | ၄၁၅၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၅၅၀ | ၁၂၆၅၀၀၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၄၈ | ၁၃၉၂၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင် |
| အငယ်တန်းသတင်းထောက်များ | - | တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt@ gmail.com,
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## သိမှတ်စရာအဖြာဖြာ (General Knowledge)

### အံ့သြဖွယ်ရာတွေနဲ့ ပြည့်နှက်နေတဲ့ သမုဒ္ဒရာကြီးတွေ



ကေ-ဂျူဝယ်လ်

**ကလေးတို့ရေ မမတို့နေတဲ့ကမ္ဘာကြီးဟာ ကုန်းမြေအကျယ်အဝန်းထက် ပင်လယ်သမုဒ္ဒရာတွေက ပိုမိုကျယ်ဝန်းတာကြောင့် မြေကမ္ဘာလို့မခေါ်သင့်ဘဲ ရေကမ္ဘာလို့သာခေါ်သင့်တာပေ့ါ။ ကမ္ဘာပေါ်မှာ သမုဒ္ဒရာငါးစင်းရှိတာကိုရောသိပြီးကြပြီလား။ မမတို့ငယ်ငယ်ကတော့ သမုဒ္ဒရာလေးစင်းရှိတယ်ဆိုပြီး စာတွေထဲမှာကျက်မှတ်ခဲ့ရဖူးပါတယ်။ ၂၀၀၀ပြည့်နှစ်မှာတော့ သမုဒ္ဒရာက ငါးစင်းဆိုပြီး သုတေသီတွေက သတ်မှတ်ခဲ့ကြပါတယ်။ အကြီးဆုံးကနေပြောရရင် ပစိဖိတ်သမုဒ္ဒရာ၊ အတ္တလန္တိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာ၊ တောင်ပိုင်းသမုဒ္ဒရာနဲ့ အာတိတ်သမုဒ္ဒရာတို့ပဲဖြစ်ပါတယ်။ အသစ်ထပ်တိုးတဲ့ သမုဒ္ဒရာက တောင်ပိုင်းသမုဒ္ဒရာဖြစ်ပြီး အန္တာတိကတိုက်နားက သမုဒ္ဒရာပဲပေ့ါ။ သမုဒ္ဒရာဆိုတာကတော့ ကလေးတို့နေတဲ့ ကမ္ဘာကြီးပေါ်က ကုန်းမြေတွေကိုဖယ်လိုက်ရင် ကျန်တဲ့ရေပြင်တွေထဲကမှ ဆားငန်ရေတွေနဲ့ဖွဲ့စည်းထားတဲ့ ရေပြင်ကျယ်တွေပါပဲ။ ကမ္ဘာကြီးကို လေးပုံပုံရင် သုံးပုံလောက်က ရေပြင်ကြီးဖြစ်ပြီး ကျန်တဲ့ကုန်းမြေတွေပေါ်မှာ တို့တစ်တွေ နေထိုင်ကြရတာပါ။ သမုဒ္ဒရာက ရေတွေအားလုံးမှာတူညီတာက ဆားငန်ဓာတ်တွေပါပြီး ရေတွေရဲ့ ၃၅ ရာခိုင်နှုန်းလောက်အထိ ဆားဓာတ်တွေပါဝင်နေသတဲ့။**

အဲဒီသမုဒ္ဒရာကြီးတွေဟာထူးဆန်းသလို စိတ်ဝင်စားစရာကောင်းတဲ့အကြောင်းအရာတွေလည်း အများကြီးရှိပါတယ်။ ကမ္ဘာကြီးပေါ်မှာ လူသားတွေ မပြောနဲ့ ကမ္ဘာပေါ်က သစ်ပင်တွေမပေါက်ခင်နှစ်သန်း ၃ ဘီလီယံ လောက်ကတည်းက သမုဒ္ဒရာထဲမှာ သက်ရှိအကောင်တွေရှိနေကြပြီလို့ ပညာရှင်တွေက ပြောထားပါတယ်။ ရေထဲမှာလည်း သာမန်မျက်စိနဲ့မမြင်ရဘဲ မှန်ဘီလူးနဲ့ကြည့်မှမြင်ရတဲ့ အကောင်လေးတွေကနေ ပေ ၈၀ လောက်ရှိတဲ့ ဝေလငါးကြီးတွေအထိ သတ္တဝါတွေ အမျိုးစုံ နေထိုင်ကျက်စားကြပါတယ်။ ကမ္ဘာပေါ်က မြေကြီးတွေအားလုံးတူးပြီး သမုဒ္ဒရာရဲ့အနက်ဆုံးချောက်ကြီးထဲကို မြေဖို့မယ်ဆိုရင်တောင် အဲဒီရေပြင်က မပြည့်ဘဲ နှစ်မိုင်လောက်နက်နေဦးမှာတဲ့။

#### အမှောင်ရေအောက် ကမ္ဘာကြီး

ရေဘယ်လောက်နက်သလဲဆိုတာလည်း ကလေးတို့ကို ပြောပြချင်ပါတယ်။ ရေငုပ်သမားတွေ အပျော်တမ်းရေငုပ်ကြတဲ့ သူတွေဟာ သမုဒ္ဒရာအောက် မီတာ ၄၀လောက်ပဲ ငုပ်နိုင်ကြပါတယ်။ ရေအောက်မီတာ ၁၀၀ ဆိုရင်တော့ တော်တော်လေးကျွမ်းကျင်သူတွေတောင် အန္တရာယ်ရှိနိုင်ပါတယ်။ အလွတ်တန်း ရေငုပ်ချန်ပီယံ ဟားဘတ်စ်က ရေအောက် ၂၁၄မီတာအထိ ငုပ်ပြီးကမ္ဘာ့ရေငုပ်ချန်ပီယံဆုကို ရယူထားပါသေးတယ်။ အဲဒီကနေ မီတာ ၅၀၀ အထိ ဆင်းသွားမယ်ဆိုရင် ရေဖိအားသိပ်ကိုများနေပြီး ကလေးတို့ရုပ်ရှင်ထဲမှာမြင်ဖူးနေကျ ဝေလငါးတွေ နောက်ဆုံးရေငုပ်နိုင်တဲ့နေရာ ဖြစ်ပါတယ်။ ပိုပြီးနက်တဲ့ ပင်လယ်သမုဒ္ဒရာရေအောက် မီတာ ၁၀၀၀ အရောက်မှာတော့ နေရောင်ကိုလုံးဝမမြင်ရတော့ဘဲ အမှောင်ရေအောက် ကမ္ဘာကြီးကို ရောက်သွားမှာဖြစ်ပါတယ်။ ကြောက်စရာကောင်းတဲ့ ရေဘဝဲကြီးတွေနေကြပြီး မီတာ ၂၀၀၀အထိ ဆင်းသက်သွားမယ်ဆိုရင်တော့ ဆင်လောက်ရှိတဲ့ ရေဘဝဲကြီးတွေ၊ စပန်းလို့ခေါ်တဲ့ ဝေလငါးကြီးတွေနဲ့ ရေနဂါးတွေနေထိုင်ရာအရပ်ဆီကို ရောက်သွားမှာဖြစ်ပါတယ်။ မီတာ ၄၀၀၀ လောက်ကို ရေငုပ်သင်္ဘောအကူအညီနဲ့ သွားမယ်ဆိုရင် အလွန်ကိုများပြားတဲ့ ရေဖိအားတွေကို ကြုံရမှာပါ။ မီတာ ၆၀၀၀ အထိ ဆင်းသွားမယ်ဆိုရင်တော့ လေယာဉ်အစင်း ၅၀ လောက်ကို ထမ်းထားရတဲ့သူလိုမျိုး ရေဖိအားတွေကို ကလေးတို့ခံစားရမှာ ဖြစ်ပါတယ်။ အလွန်ကိုအန္တရာယ်များတဲ့ အမှောင်ရေအောက် ကမ္ဘာကြီးကို လေ့လာကြသူတွေဟာ သမုဒ္ဒရာကြီးရဲ့အနက်ရှိုင်းဆုံးနေရာကိုလည်း တွေ့ရှိခဲ့ကြပါတယ်။ အဲဒါကတော့ ဂူအမ်ကျွန်းနားမှာရှိပြီး မီတာ ၁၁၀၀၀ လောက်အနက်ရှိပါတယ်။ အဲဒီနေရာကိုတော့ Challenger Deep လို့ တင်စားကြပါတယ်။



#### မရေ မတွက်နိုင်တဲ့ သတ္တဝါတွေနေကြ

သမုဒ္ဒရာကြီးထဲမှာ ခရု၊ ကဏန်းနဲ့ပုစွန်တို့လို အခွံရှိတဲ့ အကောင်တွေ၊ လိပ်လိုတွားသွားအကောင်တွေ၊ ဝေလငါးနဲ့ ပင်လယ်ဖျံတွေလို နို့တိုက်သတ္တဝါတွေ အပါအဝင် မရေမတွက်နိုင်တဲ့ သတ္တဝါတွေနေကြပါတယ်။ ဟိုးရေအောက်ရောက်ပြီး မှောင်မည်းနေတဲ့နေရာမှာ နေထိုင်တဲ့အကောင်တွေဟာ မျက်စိမမြင်ကြဘဲ သူတို့ကိုယ်ကထွက်တဲ့ မီးစုန်းအလင်းရောင်ကိုသာ အားကိုးကြရပါတယ်။ ရေသတ္တဝါတွေဟာ လူသားတွေအတွက် စားနပ်ရိက္ခာပေးသလို သဘာဝဂေဟစနစ်ကြီးကိုလည်း ထိန်းသိမ်းပေးကြပါတယ်။ သမုဒ္ဒရာကြီးပေါ်ကို နေရောင်ခြည်ကျရောက်ပြီး ပူလို့ရေငွေ့ပြန်တဲ့အခါ တိမ်တွေဖြစ်လာကာ မြေပြင်ပေါ်ကို မိုးအဖြစ်ရွာချပေးတယ်။ အဲဒီမိုးရေတွေကနေ မြစ်ချောင်းတွေစီးဆင်း အဲဒီရေတွေက သမုဒ္ဒရာကြီးတွေဆီ ပြန်စီးဆင်းပြီး သံသရာလည်ပတ်နေတာပေ့ါ။ မမအခုပြောပြတာက သမုဒ္ဒရာကြီးရဲ့အကြောင်းကို မိတ်ဆက်ပြောပြတာပဲဖြစ်ပါတယ်။ သမုဒ္ဒရာကြီးရဲ့အကြောင်း ပြည့်ပြည့်စုံစုံ သိရဖို့ ပညာရှင်တွေကလည်း လေ့လာနေကြတုန်းပါပဲ။ ပညာရှင်ကြီးတွေ နှစ်ပေါင်းများစွာလေ့လာမှုကနေ သိလာတဲ့ အကြောင်းတွေဟာ သမုဒ္ဒရာကြီးရဲ့ အကြောင်းတွေထဲက တစ်ရာပုံပုံရင် ငါးပုံလောက်သာသိသေးတယ်ဆိုပြီး ပညာရှင်တွေက ပြောထားတာမို့ကလေးတို့လည်း သမုဒ္ဒရာကြီး တွေအကြောင်း ပိုသိလာရအောင် လေ့လာဖော်ထုတ်ကြဖို့အတွက် စာကြိုးစားပြီး ဗဟုသုတတွေကိုလည်း ပိုမိုလေ့လာစုဆောင်းကြပါလို့ တိုက်တွန်းလိုက်ပါတယ်နော်။

## လောကဝတ် (Etiquette)

### တောင်းမှာအကွပ် လူမှာအဝတ်

မမမေ

**ဒီတစ်ပတ်မှာတော့ကလေးတို့ကို အဝတ်အစားတွေဝတ်တဲ့အခါ ဘယ်လိုရွေးချယ်ဝတ်ဆင်ရမလဲဆိုတာကို ပြောပြချင်ပါတယ်။ မမတို့ မြန်မာစကား တစ်ခွန်းရှိပါတယ်။ တောင်းမှအကွပ် လူမှာအဝတ်တဲ့။ ဘာကိုပြောချင် တာလဲဆိုတော့ အဝတ်အစားကို သင့်တင့်လျောက်ပတ်အောင်ဝတ်ဆင်ခြင်းဟာ ကိုယ့်အတွက်လည်းအဆင် ပြေပြေနဲ့လုပနေတတ်သလို သူများတွေကလည်း သဘောကျနှစ်သက်တတ်တယ် ဆိုတဲ့အကြောင်းလေးပဲပေ့ါ။ အဝတ်အစားတွေဟာ အသစ်ပေါ်တိုင်း ဝယ်နေရတာထက် ကလေးတို့ဆီမှာ ရှိပြီးသားအဝတ်အစားတွေနဲ့ သွားလာလှုပ်ရှားရတဲ့နေရာ ကိုက်ညီအောင် ဝတ်စားတတ်ဖို့လိုပါတယ်။ ဒါဟာလည်း လောကဝတ်တွေထဲမှာပါ ဝင်ပါတယ်။**

#### ဘုရားသွားကြမလား

ဘုရားဖူးသွားတဲ့အခါ မမတို့ယဉ်ကျေးမှုနဲ့မကိုက်ညီတဲ့အဝတ်အစားတွေ မဝတ်ဖို့လိုပါတယ်။ ဘုရားပေါ်မှာ မယဉ်ကျေးဘူးလို့ ယူဆကြတဲ့အတွက် အင်္ကျီချိုင်းပြတ်တွေ၊ ဘောင်းဘီအတိုတွေနဲ့မလာကြဖို့ သတိပေးထားကြရတာပေ့ါ။ ဒါကြောင့် ဘုရားကိုသွားတာဖြစ်ဖြစ်၊ ဘုန်းကြီးကျောင်းသွားတဲ့အခါဖြစ်ဖြစ်၊ လူကြီးသူမတွေဆီသွားတာဖြစ်ဖြစ် သွားလာခဲ့မယ်ဆိုရင် လုံလုံခြုံခြုံအဝတ်အစားတွေကို ဝတ်ဆင်ဖို့လိုပါတယ်။

#### ခရီးသွားမလား

ခရီးသွားတဲ့အခါ အဝတ်အစားကျပ်တာတွေကို ဝတ်ဆင်သွားမယ်ဆိုရင် ဗိုက်အောင့်တာ၊ ခေါင်းမူးတာနဲ့ ပင်ပန်းတာတွေကိုကြုံရနိုင်ပါတယ်။ အချို့အင်္ကျီအသစ်တွေဟာလည်း အရေပြားယားယံပြီး ဓာတ်မတည့်တဲ့သူတွေဆိုရင် ရောဂါရနိုင်ပါတယ်။ ခရီးသွားတဲ့အခါ ကိုယ်နဲ့လိုက်ဖက်ပြီး သက်သောင့်သက်သာရှိတဲ့ ချောင်ချောင်ချိချိ အဝတ်အစားတွေကို ရွေးချယ်ဝတ်ဆင်ဖို့လိုပါတယ်။

#### ကျောင်းသွားမလား

ကျောင်းမှာတော့ သတ်မှတ်ထားတဲ့ကျောင်းဝတ်စုံတွေ အသီးသီးရှိကြပါတယ်။ ကျောင်းဝတ်စုံတွေက



နေ့တိုင်းဝတ်ရတာမို့ ကလေးတို့က ညစ်ညစ်ပတ်ပတ် နေကြမယ်ဆိုရင် လူကြီးတွေ ဘယ်လောက်ဝယ်ပေးပေး သန့်ပြန့် နိုင်မှာမဟုတ်ပါဘူး။ ကျောင်းသားကျောင်းသူဘဝမှာ အဝတ်အစားကို သန့်သန့်ပြန့်ပြန့် မထားနိုင်ဘူးဆိုရင် ကျောင်းခန်းထဲမှာ ညစ်ညစ်ပေပေနဲ့နေကြရမှာဖြစ်ပါတယ်။ ကလေးတို့ကို ဘယ်သူကမှလည်း လိမ္မာပြီး စည်းကမ်းရှိတဲ့ကလေးလို့ မထင်ကြတော့ဘူးပေ့ါ။ ဒါကြောင့် သန့်သန့်ရှင်းရှင်းဝတ်ပြီး ကိုယ့်ဘေးနားက သူငယ်ချင်းတွေလည်း ကိုယ့်ရဲ့ညစ်ပတ်တဲ့ အင်္ကျီကြောင့် အနှောင့်အယှက်မဖြစ်အောင်၊ ကျန်းမာရေးနဲ့လည်း ညီညွတ်အောင် သန့်ရှင်းစွာ ဝတ်ဆင်တတ်ပါစေနော်။

#### ညဝတ်အင်္ကျီထားသလား

ညဘက်ရောက်ရင် ကလေးတို့အင်္ကျီလဲတာမျိုး



လုပ်ကြလား။ ညဝတ်အင်္ကျီဆိုပြီး သတ်သတ်မှတ်မှတ်ထားသင့်ပါတယ်။ မေမေတို့နဲ့ အိပ်တဲ့ကလေးတွေဖြစ်ဖြစ်၊ ကိုကိုတွေ၊ မမတွေနဲ့ အိပ်ရရင်ဖြစ်ဖြစ် တစ်နေကုန်ဝတ်ထားတဲ့ အင်္ကျီတွေရဲ့ အနံ့အသက်ကြောင့် သူများကို အနှောင့်အယှက်ဖြစ်စေပါတယ်။ အပြင်သွားတဲ့အခါ အင်္ကျီတွေမှာ ကပ်ပါလာတဲ့ ဗိုင်းရပ်စ်ပိုးတွေ၊ ဖုန်မှုန့်တွေကြောင့်လည်း ကလေးတို့ကျန်းမာရေးကို ထိခိုက်နိုင်ပါသေးတယ်။ ဈေးကြီးပေးပြီး ညဝတ်အင်္ကျီတွေကို ဝတ်ဆင်ကြသူတွေလည်းရှိပါတယ်။ ကလေးတို့အတွက် ဝတ်ဆင်ရတာလည်းလွယ်ကူပြီး သက်သောင့်သက်သာရှိ လုံခြုံတဲ့အင်္ကျီတွေထဲကမှ ဟောင်းသွားတဲ့ဝတ်စုံလေးတွေကို ညတိုင်းသန့်သန့်ရှင်းရှင်း ဝတ်ဆင်အိပ်ကြမယ်ဆိုရင် အနံ့ဆိုးတွေကို ရှူပြီးအိပ်စရာလည်းမလိုတဲ့အပြင် အိပ်ရာတွေလည်းသန့်၊ အတူတူအိပ်သူတွေလည်း အနှောင့်အယှက် မဖြစ်တော့ဘူးပေ့ါ။

ဒီလိုမျိုးတွေအပြင် နေမကောင်းတဲ့သူကိုသတင်းသွားမေးတာ၊ ဝမ်းနည်းနေတဲ့သူတွေဆီသွားတာမျိုးဆိုရင် တောက်ပြောင်ပြီး မျက်စိစူးတဲ့အရောင်တွေနဲ့ အဝတ်အစားတွေကို မဝတ်ဆင်သင့်ဘူးကလေးတို့ရေ။ သူတို့ဝမ်းနည်းနေတာကို အသိအမှတ်ပြုတဲ့အနေနဲ့ တည်ငြိမ်ပြီး ဣန္ဒြေရှိတဲ့အရောင်တွေနဲ့ အဝတ်အစားကိုပဲ ဝတ်သင့်ပါတယ်။ အလှူတွေနဲ့မွေးနေ့ပွဲတွေကို သွားမယ်ဆိုရင်တော့ သူတို့ကိုဂုဏ်ပြုတဲ့အနေနဲ့ လှလှပပလေးဝတ်စားသွားဖို့လိုတာပေ့ါ။ သူများတွေ ပျော်ရွှင်နေတဲ့အချိန်မှာ မလှမပ၊ မသပ်မရပ်နဲ့ အဝတ်အစားတွေကို ဖြစ်သလိုဝတ်စားမသွားကြဖို့ မမက အကြံပေးပါရစေနော်။ ။


ကမ္ဘာကြီးဟာ.. ရွာကြီးတစ်ရွာ ဖြစ်လာတော့မယ်ဆိုတာ ဘာကြောင့်လဲ ဆရာ...
ဒီဂျစ်တယ် နည်းပညာ
ဒီဂျစ်တယ် နည်းပညာ မြင့်မားလာတာနဲ့အမျှ မိုင်ပေါင်း ထောင်သောင်းမက
ခြံစည်းရိုးလေး ခြားထားသလို မျိုး.. တစ်နိုင်ငံနဲ့ တစ်နိုင်ငံ စီးပွားရေး လူမှုရေး နိုင်ငံရေးနဲ့ ပညာရေး စတဲ့ နည်းပညာ သတင်းအချက်အလက် တွေ မှန်သမျှ..
ပြီဆိုတဲ့ သဘောပေါ့ကွယ်...
ဟား... ဒါဆို ကျောင်းမှာ သင် ကျောင်း မတက်ဘဲ...
ပျော်လိုက်တာ....
အဲဒီ အဆင့်ရောက်ဖို့ လို သေးတယ်.. ကျောင်းပြေးဖို့ မကြံစားနဲ့နော်...


ဟဲ့ - ပန်းချီဆရာကြီးရေ - ပုံလှလှလေး ဆွဲပေး နော်..
အိုကေပြီ ဟေ့-
ပန်းပွင့်နဲ့ - အရွက်တွေ ဘယ်ရောက် သွားလဲ-
တော်လိုက်တဲ့ ပန်းချီကျော်


မီးမီးရေ မီးမီး..
ဟင့်အင်း...
မလိမ်ရဘူးနော်၊ လိမ်ပြောတာ မကောင်းဘူး၊
ကိုယ်လုပ်ရင် အမှန်အတိုင်း ဝန်ခံရမယ်...
အမှန် ပြောတိုင်းလည်း မကောင်းပါဘူး ကိုကြီးရယ်..
အမယ်၊ ဘာဖြစ်လို့တုန်း၊
ဟင့်...
အမှန် အတိုင်း ပြောလိုက်ရင် မီးမီး အရိုက်ခံရမှာပေါ့ ကိုကြီးရဲ့...
ဟေ!






ဟဲ့..ပုရေး
မျက်နှာလည်းမကောင်းပါလား ဘာဖြစ်လာတာလဲဟ..
မုန့်ဆိုင်က..ဦးလေးကြီးက ငါ့ကို..ပိုက်ဆံပြန်အမ်းစရာ ရှိတာကို..
ပြန်အမ်းစရာမရှိဘူးဆိုပြီး ငြင်းတာနဲ့..ငါလည်းအားနာပြီး
ဒီအတိုင်း ထွက်လာခဲ့တာကိုတွေးပြီး စိတ်မကောင်းဖြစ်နေတာ ဟ..
ကိုယ့်ပိုက်ဆံ ကိုယ်ပြန်တောင်းတာ အားနာစရာလား ပုရေးမရဲ..
လာ..လိုက်ခဲ့. ငါ..လိုက်တောင်းပေးမယ်
ကျေးဇူးပါပဲ ဟယ်..
ငါ့ပိုက်ဆံပြန်ရရင် နင့်ကို..မုန့်ဝယ်ကျွေးမယ် သိလား..
အား.. အားနာစရာကြီး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## အခြေခံပညာကျောင်းသုံးစာအုပ် အဖုံး(၄)ရောင် ပုံနှိပ်ဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ရိုက်နှိပ်သော အခြေခံပညာကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ အနက်မှ အောက်ပါအရေအတွက်အတိုင်း အဖုံး(၄)ရောင် ပုံနှိပ်ဆောင်ရွက်ရန် ကုန်ကြမ်း ပေးကုန်ချောယူစနစ်(သယ်ယူပို့ဆောင်စရိတ်နှင့် ပုံနှိပ်ခအပါအဝင်)တင်ဒါခေါ်ယူအပ်ပါသည်-

(က) မန္တလေး ၃,၁၂၃,၉၁၄

(ခ) ရန်ကုန် ၄,၇၂၂,၄၄၅

၂။ အိတ်ဖွင့်တင်ဒါများကို (၉-၁၂-၂၀၁၉)ရက်နေ့မှ (၁၈-၁၂-၂၀၁၉)ရက်နေ့အထိ နေ့စဉ်(ရုံးပိတ်ရက်အပါအဝင်)(၉:၃၀)နာရီမှ (၁၆:၀၀) နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂၈-၁၂-၂၀၁၉)ရက် (၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၃၁၂၃၇၄၊ ၀၆၇-၄၃၁၂၃၇၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ | တင်ဒါတင်သွင်းရန်လိပ်စာ |
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တင်ဒါလက်ခံရေး |
| ပြန်ကြားရေးဝန်ကြီးဌာန | နှင့်စိစစ်ရေးကော်မတီ |
| ရုံးအမှတ်(၇)၊ နေပြည်တော် | ပြန်ကြားရေးဝန်ကြီးဌာန |
| ဖုန်း-၀၆၇-၄၃၁၂၃၇၄၊ ၀၆၇-၄၃၁၂၃၇၅ | ရုံးအမှတ်(၇)၊ နေပြည်တော် |
| | ဖုန်း-၀၆၇-၃၄၁၂၃၇၄၊ ၀၆၇-၃၄၁၂၃၇၅ |

---

## မွန်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မော်လမြိုင်မြို့
## ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်
## ဒုတိယအကြိမ် တင်ဒါခေါ်ယူခြင်း

၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်၊ မော်လမြိုင်ခရိုင်၊ သထုံခရိုင် လမ်းဦးစီးဌာနများတွင် ဆောင်ရွက်ရန် လိုအပ်သော လမ်း/တံတား လုပ်ငန်းများအတွက်(လုပ်ငန်း) တင်ဒါဒုတိယအကြိမ် ခေါ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက်** - ၁၀-၁၂-၂၀၁၉ရက်မှ ၂၄-၁၂-၂၀၁၉ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊သထုံခရိုင်၊ သထုံမြို့

(ဂ) **တင်ဒါဖွင့်မည့်နေ့ ရက်/အချိန်** - ၇-၁-၂၀၂၀ ရက်(အင်္ဂါနေ့)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**မော်လမြိုင်ခရိုင် ဖုန်း-၀၅၇-၂၄၇၅၉**
**သထုံခရိုင် ဖုန်း-၀၅၇-၄၀၀၄၆**

---

### ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန လက်အောက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ နိုင်ငံတော်ဘတ်ဂျက်ဖြင့် အောက်ဖော်ပြပါလုပ်ငန်းကို ဆောက်လုပ်ရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

**အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)**

Lot(1) ဆရာ/မ ဆောင် RC(၄)ခန်းတွဲ (၄)ထပ် (၇၈'x၉၄') (၁)လုံး
(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain, ရေလှောင်ကန် ၆၀၀၀ ဂါလန်အပါအဝင်)

Lot(2) ဆရာ/မ ဆောင် RC (၄)ခန်းတွဲ (၄)ထပ် (၇၈'x၉၄') (၁)လုံး
(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain, ရေလှောင်ကန် ၆၀၀၀ ဂါလန်အပါအဝင်)

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၉-၁၂-၂၀၁၉ရက် (တနင်္လာနေ့)
**တင်ဒါလျှောက်လွှာ ရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၈-၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄:၀၀ နာရီ
**တင်ဒါလျှောက်လွှာဝယ်ယူ/ တင်သွင်းရမည့်နေရာ** - အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၉-၁-၂၀၂၀ရက်(ကြာသပတေးနေ့)/ နံနက် ၁၀:၀၀နာရီ (တင်ဒါဖွင့်မည့်ရက်/အချိန်ပြောင်းလဲပါက အချိန်မီအသိပေးအပ်ပါမည်)

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)**
**ဖုန်း-၀၉-၅၀၈၆၇၇၅**
**ဖုန်း-၀၉-၄၀၀၅၄၆၄၅၁**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### မျက်စိ၊နား၊နှာခေါင်း၊လည်ချောင်း၊ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ရောဂါအထူးကုဆေးရုံကြီး
### မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း ခွဲစိတ်ရောဂါအထူးကုဆေးရုံကြီးသည် ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်အတွက်(FDA) အသိအမှတ်ပြု၊ ဆေးနှင့်ဆေးပစ္စည်းများကို ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် အသိပေးအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာများစတင် ရောင်းချမည့်ရက်** - ၁၁-၁၂-၂၀၁၉ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၀-၁-၂၀၂၀ရက် (ညနေ၄:၀၀နာရီ)

၃။ လိုအပ်သော တင်ဒါစည်းမျဉ်းနှင့်ဆေးပစ္စည်းများအကြောင်းကို သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းသို့ စုံစမ်းနိုင်ပါသည်။

**မနနလ-ဆေးရုံကြီး၊မန္တလေးမြို့**
ဖုန်း-၀၂-၄၀၃၁၂၀၀၊ ၀၂-၄၀၂၁၁၀၆

---

### လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
### Light Naphtha များ ရောင်းချရန်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ် (၁) ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး)မှ Light Naphtha ဂါလန် ၁၀၀၀၀၀ (ဂါလန်တစ်သိန်းတိတိ)ကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါတင်သွင်းရန်နောက်ဆုံးရက် အချိန်နှင့်နေရာ** - ၇-၁-၂၀၂၀ရက်(အင်္ဂါနေ့)၊ ၁၂:၀၀နာရီ မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်း (ရုံးချုပ်) ရုံးအမှတ်(၄၄)၊ နေပြည်တော်

၃။ **တင်ဒါဖွင့်ပွဲပြုလုပ်မည့် ရက်နှင့်အချိန်** - ၇-၁-၂၀၂၀ရက် (အင်္ဂါနေ့)၊ ၁၄:၀၀နာရီ

၄။ တင်ဒါစည်းကမ်းချက်နှင့်ပုံစံများအား တစ်လကြိုတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၉၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

### ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး-မကွေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံး ဆေးပစ္စည်းများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၁၂-၂၀၁၉ရက် (တနင်္လာနေ့)
**တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** - တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး မကွေးမြို့
**တင်ဒါပုံစံနောက်ဆုံး ပေးသွင်းရမည့်ရက်** - ၈-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါး/ဆေးပစ္စည်းများစာရင်းကို အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး-မကွေးမြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**
**တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး-မကွေးမြို့၊**
**ဖုန်း-၀၆၃-၂၀၂၆၀၂၉**

---

### ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့်
### ပညာရေးဝန်ကြီးဌာန
### နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
### စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန လက်အောက်ရှိ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း (SITE) တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း နှစ်ထပ်ရုံးအဆောက်အအုံအား အကြီးစား ပြင်ဆင်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၉-၁၂-၂၀၁၉)တနင်္လာနေ့
**တင်ဒါလျှောက်လွှာရောင်းချမည့် အချိန်** - နံနက်၉နာရီမှ ညနေ ၄နာရီအထိ
**တင်ဒါပိတ်မည့်ရက်/အချိန်** - (၈-၁-၂၀၂၀)ဗုဒ္ဓဟူးနေ့ ညနေ(၄:၀၀)နာရီ
**တင်ဒါပုံစံရောင်းချမည့်နေရာ** - စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေး သင်တန်းကျောင်း(SITE) နတ်မောက်လမ်းသွယ်(၁)ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး
**တင်သွင်းရမည့်နေရာ** - စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေး သင်တန်းကျောင်း(SITE)
**တင်ဒါဖွင့်မည့်ရက်/အချိန်** - (၉-၁-၂၀၂၀)ကြာသပတေးနေ့ နံနက် ၁၀ နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း - ဖုန်း ၀၁-၅၅၇၃၇၂**
**နတ်မောက်လမ်းသွယ်(၁)ဗဟန်းမြို့နယ်**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

### သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
### မြန်မာ့သစ်လုပ်ငန်း
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မြန်မာ့သစ်လုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ လိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender)ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | ရုံးသုံးစာရေးကိရိယာပစ္စည်းများ | (၇) မျိုး |
| ၂။ | တာယာ | (၉) မျိုး |
| ၃။ | ဘက်ထရီ | (၅) မျိုး |
| ၄။ | စက်ဆီချောဆီ | (၉) မျိုး |
| ၅။ | Band Saw | (၄) မျိုး |
| ၆။ | Stellite Rod | (၁) မျိုး |
| ၇။ | Short Link Chain | (၃) မျိုး |
| ၈။ | Office Equipment | (၁၃) မျိုး |
| ၉။ | Air Conditioner 1.5 HP(Split Type) | (၈) လုံး |
| ၁၀။ | Air Conditioner 3 HP(Flow Standing Type) | (၄) လုံး |
| ၁၁။ | Workshop Hand Tools | (1) Lot |

တင်ဒါရောင်းချမည့်ရက် - ၉.၁၂.၂၀၁၉/ နံနက် ၁၀:၀၀ နာရီ
တင်ဒါပိတ်မည့်ရက် - ၇.၁.၂၀၂၀/ နေ့လည် ၁၂:၀၀ နာရီ
တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

အမှတ် ၇၄/ ၇၆ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၂၅၄၁၉၁၊ ၀၉၅၁၄၄၉၈၀

---

### စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
### ပြည်တွင်းအခွန်များဦးစီးဌာန
### အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေရရှိသူများသို့
## အသိပေးနှိုးဆော်ခြင်း

၁။ **အကျုံးဝင်သည့်ပုဂ္ဂိုလ်များ။** ရုပ်ရှင် ဂီတ သဘင်စသည့် အနုပညာရှင်၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ ဗိသုကာပညာရှင်၊ သူနာပြု၊ ဆရာမ၊ ရှေ့နေ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ စာရင်းကိုင်၊ စာရင်းစစ်စသည့် အတတ်ပညာရှင်များ ပါဝင်ပါသည်။

၂။ **အကျုံးဝင်သည့်ဝင်ငွေများ။**

(က) အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဆိုသည်မှာ မိမိကျွမ်းကျင်သည့် လုပ်ငန်းကို ဝန်ဆောင်ခရယူ၍ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုတစ်ရပ် ဖြစ်ပါသည်။ ဥပမာ-ဆရာဝန်၊ အင်ဂျင်နီယာ၊ ရှေ့နေ၊ သူနာပြု၊ အနုပညာရှင်၊ စာရင်းစစ်၊ စာရင်းကိုင်၊ ဗေဒင်ဆရာ၊ ကျောင်းဆရာ စသည့်ပညာရှင်တို့က အခကြေးငွေ ဝန်ဆောင်ခရယူလျက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းကို ဆိုလိုပါသည်။

(ခ) မိမိတတ်ကျွမ်းသည့် ပညာကို အခြေခံပြီး လုပ်ကိုင်ခြင်းမှန်သော်လည်း နေ့စဉ်(သို့မဟုတ်) လစဉ် ပုံသေလုပ်ခ သို့မဟုတ် လစာရယူ၍ လုပ်ကိုင်ခြင်းဖြစ်လျှင် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေမဟုတ်ဘဲ လစာမှ ဝင်ငွေသာဖြစ်ပါသည်။

၃။ **အခွန်နှုန်း။** ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှရရှိသည့် ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် အောက်ဖော်ပြပါ အခွန်နှုန်းဖြင့် တွက်ချက်ပါမည်-

| အမှတ်စဉ် | ဝင်ငွေခွန် စည်းကြပ်ရန် ဝင်ငွေအလွှာ – မှ (ကျပ်) | ဝင်ငွေခွန် စည်းကြပ်ရန် ဝင်ငွေအလွှာ – ထိ (ကျပ်) | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| (က) | ၁ | ၂၀၀၀၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂၀၀၀၀၀၁ | ၅၀၀၀၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅၀၀၀၀၀၁ | ၁၀၀၀၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀၀၀၀၀၀၁ | ၂၀၀၀၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (င) | ၂၀၀၀၀၀၀၁ | ၃၀၀၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀၀၀၀၀၀၁ နှင့် အထက် | | ၂၅ ရာခိုင်နှုန်း |

၄။ **စာရင်းထားရှိခြင်း။** သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေများနှင့်ထိုနှစ်အတွင်း လုပ်ငန်းအတွက် ကုန်ကျသည့်စရိတ်များကို ဖော်ပြသည့် ဘဏ္ဍာရေးရှင်းတမ်း (Financial Statement) တင်ပြရပါမည်။

၅။ **ဝင်ငွေတွက်ချက်ခြင်း။** အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေကို တွက်ချက်ရာတွင် ဝင်ငွေရရှိရန် ကုန်ကျစရိတ်များနှင့် ပစ္စည်းတန်ဖိုးလျော့ငွေကို နုတ်ပယ်ခွင့်ရှိပါသည်။ ဝင်ငွေမှ ကုန်ကျစရိတ် နုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေအပေါ် သက်သာခွင့်များနုတ်ပယ်ပြီး သတ်မှတ်အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်ပယ်ခွင့်မရှိပါ-

(က) မတည်စရိတ်

(ခ) ကိုယ်ရေးကိုယ်တာစရိတ်

(ဂ) လုပ်ငန်းပမာဏနှင့် မမျှအောင်များသည့်စရိတ်

